ရှေ့မှန်
The Mirror
၁၃၇၃ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်၊ စနေနေ့ (6-8-2011) (၆၄၃၃)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထိုင်းနိုင်ငံဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်　　ဩဂုတ်　　၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ထိုင်းနိုင်ငံ ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့် မစ္စစ် ရင်လပ် ရှင်နာဝပ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ☆ အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး
- ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ☆ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှု နိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ☆ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

၂၄ နာရီ ကျန်းမာရေးဝန်ဆောင်မှုပေးမည့် ဘောဂသိဒ္ဓိဆေးရုံ ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော်　　ဩဂုတ်　　၅

ဆေးဝါးပြည့်စုံ၊ ငွေကြေးကုန်ကျမှု သက်သာပြီး ကျွမ်းကျင်သော ဝါရင့်ဆရာဝန်ကြီးများ အထူးဂရုစိုက်မှုဖြင့် အကောင်းဆုံး ကျန်းမာရေးစောင့်ရှောက်မှုပေးမည့် ဘောဂသိဒ္ဓိဆေးရုံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် နေပြည်တော် သပြေကုန်းဈေး ဇီဝကဆေးဆိုင်ခန်းရှိ အဆိုပါဆေးရုံ မျက်နှာစာ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

ဆေးရုံဖွင့်ပွဲအခမ်းအနားသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော်မြို့တော်ဝန် ဦးသိန်းညွန့်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ဆရာဝန်ကြီးများ၊ ကုမ္ပဏီလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်နှင့် တာဝန်ရှိသူများက ဘောဂသိဒ္ဓိဆေးရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

စက်ခလုတ်နှိပ် ဖွင့်လှစ်

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့် ဘောဂသိဒ္ဓိဆေးရုံ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။　(သတင်းစဉ်)

ရေခန်းခြောက်လာသော ရေအိုင်ကြီးမှ လွှန်းပြန်ယာဉ် အပျက်အစီးကို ရှာဖွေတွေ့ရှိ

ဟူစတန်　ဩဂုတ်　၅

ကမ္ဘာ့လေထုအတွင်းသို့ ပြန်လည်ဝင်ရောက်စဉ် ပျက်ကျခဲ့ရသော ကိုလံဘီယာအာကာသလွှန်းပြန်ယာဉ်၏ အပျက်အစီးအပိုင်းအစတစ်ခုကို အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် ဟူစတန်မြို့ အရှေ့မြောက်ဘက် ကီလိုမီတာ ၂၅၀ အကွာ နာကော့ဂိုချက် ရေအိုင်ကြီးအတွင်း ရှာဖွေတွေ့ရှိရကြောင်း တာဝန်ရှိသူများက ဩဂုတ် ၅ရက်တွင် ပြောကြားသည်။

အမေရိကန် ကိုလံဘီယာ အာကာသလွှန်းပြန်ယာဉ်သည် ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်က ကမ္ဘာ့လေထုလွှာအတွင်းသို့ ပြန်လည်ဝင်ရောက်လာချိန်တွင် အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲပြီး ပျက်ကျခဲ့ရသည်။

ကိုလံဘီယာ အာကာသလွှန်းပြန်ယာဉ် ပျက်ကျခဲ့မှုကြောင့် လွှန်းပြန်ယာဉ်ပေါ် လိုက်ပါလာသူ အာကာသယာဉ်မှူးခုနစ်ဦးစလုံး အသက်ဆုံးရှုံးခဲ့ကြရသည်။

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်၌ စံချိန်တင်ရလောက်အောင် မိုးခေါင်မှုအခြေအနေဖြစ်ပေါ်လျက်ရှိရာ နာကော့ဂိုချက် ရေအိုင်ကြီး တစ်စတစ်စ ရေခန်းခြောက်လာရာမှ အာကာသလွှန်းပြန်ယာဉ်၏ အပျက်အစီးအပိုင်းအစတစ်ခု လူမြင်ကွင်းသို့ ပေါ်ထွက်လာခြင်းဖြစ်သည်။

အင်တာနက် သိပ္ပံသတင်း　ဘာသာပြန် - စံစံ

လွှန်းပြန်ယာဉ် အပျက်အစီးအပိုင်းအစသည် ယခင်က ရေအောက်သို့ ရောက်ရှိနေခဲ့ရာမှ ရေအိုင်ကြီး ရေခန်းခြောက်လာမှုကြောင့် ရှာဖွေတွေ့ရှိရခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့က ပြောကြားသည်။

ရှာဖွေတွေ့ရှိရသောအရာဝတ္ထုသည် လွှန်းပြန်ယာဉ်အတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်သော လောင်စာဆဲလ်စနစ်၏ အစိတ်အပိုင်းဖြစ်ကြောင်း၊ ယင်းအရာဝတ္ထုကို ပြန်လည်ရရှိရန် ဒေသဆိုင်ရာ အာဏာပိုင်များနှင့် ညှိနှိုင်းနေကြောင်း အမေရိကန် အာကာသအေဂျင်စီ(နာဆာ)က ပြောကြားသည်။ ***အင်တာနက်။***



နာကော့ဂိုချက် ရေအိုင်ကြီးအတွင်း တွေ့ရှိရသော လွှန်းပြန်ယာဉ် အပျက်အစီးအပိုင်းအစ တစ်ခုကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အထူးအထွက်တိုး စံပြစိုက်ခင်း လေ့လာရေးအဖွဲ့ဝင်များ နေပြည်တော်ရှိ စိုက်ခင်းများ ကြည့်ရှုလေ့လာ
(သတင်း) စာမျက်နှာ - ၅

အာဆီယံကျောက်မီးသွေးကောင်စီ အစည်းအဝေး ကျင်းပပြီးစီး (၁၀)ကြိမ်မြောက်အဖြစ် ဖိလစ်ပိုင်၌ ကျင်းပမည်
(သတင်း) စာမျက်နှာ - ၅

အားကစားပြိုင်ပွဲများ၌ ယှဉ်ပြိုင်အောင်နိုင်ရေး၊ မျိုးဆက်သစ် အားကစားသမားများ ရှာဖွေဖော်ထုတ်ရေး ဆွေးနွေး
(သတင်း) စာမျက်နှာ - ၆

ကိုလံဘီယာသူ အဆိုတော် ရှာကီရာ ချစ်သူဘောလုံးသမားနှင့်လက်တွဲကာ ပညာဒါနပြုလုပ်
(သတင်း) စာမျက်နှာ - ၇

စပိန်လူငယ် ရိုမီယိုကို ချယ်လ်ဆီးအသင်း အပြီးသတ်ခေါ်ယူ
(သတင်း) စာမျက်နှာ - ၁၀

၆-၈-၂၀၁၁
(စနေနေ့)

ကျောက်မီးသွေးထုတ်လုပ်သုံးစွဲမှု နည်းပညာမြှင့်တင်

မျက်မှောက်ကာလတွင် စွမ်းအင်လုံခြုံမှု၊ စီးပွားရေးတွက်ခြေကိုက်မှုတို့ကြောင့် စွမ်းအင်ကဏ္ဍတွင် ကျောက်မီးသွေး၏အရေးပါမှု ထိပ်တန်းသို့ ရောက်ရှိလာသည်။ အာရှပစိဖိတ်ဒေသသည် လူဦးရေတိုးမြင့်မှုနှင့် စီးပွားရေးတိုးတက်မှုတို့ကြောင့် စွမ်းအင်သုံးစွဲမှု အများဆုံးဒေသများတွင် တစ်ခုဖြစ်လာသည်။

အာဆီယံဒေသအတွင်း ကျောက်မီးသွေးစွမ်းအင် အရင်းအမြစ် မတူညီခြင်း၊ စက်မှုဖွံ့ဖြိုးမှုမတူညီခြင်းတို့ကြောင့် ထုတ်လုပ်မှုနှင့် သုံးစွဲမှု အဆင့်များ သာမန်အားဖြင့် ကွဲပြားမှုရှိသည်ကိုတွေ့ရသည်။ အာဆီယံဒေသအတွင်း နိုင်ငံများတွင် အင်ဒိုနီးရှားနှင့် ဗီယက်နမ်နိုင်ငံတို့က ကျောက်မီးသွေး အများဆုံးထုတ်လုပ်နိုင်ပြီး ထိုင်း၊ မလေးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် ဝယ်ယူသုံးစွဲနေရဆဲဖြစ်သည်။

မြန်မာနိုင်ငံတွင် ကျောက်မီးသွေးထုတ်လုပ်မှုနှင့် သုံးစွဲမှုသည် မျှတရုံရှိသည်။ စစ်ကိုင်း၊ တနင်္သာရီ၊ မကွေးတိုင်းဒေသကြီးများနှင့် ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်တို့တွင် ကျောက်မီးသွေး အဓိကထုတ်လုပ်နေပြီး ကရင်ပြည်နယ်တွင် စမ်းသပ်ရှာဖွေဆဲဖြစ်သည်။ နိုင်ငံအတွင်း ကျောက်မီးသွေးသုံး လျှပ်စစ်စက်ရုံ၊ အလုပ်ရုံများ များပြားလာတော့မည်ဖြစ်ရာ နိုင်ငံ၏ ကျောက်မီးသွေးထုတ်လုပ်မှု အလားအလာသည် ပိုမိုအရေးပါလာမည် ဖြစ်သည်။

နဝမအကြိမ်မြောက် အာဆီယံကျောက်မီးသွေးကောင်စီ အစည်းအဝေးကို နေပြည်တော်တွင် ဩဂုတ် ၄ ရက်က ကျင်းပရာ အာဆီယံဗဟိုစွမ်းအင်ဌာန၊ အာဆီယံကျောက်မီးသွေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဂျပန်နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ ကျောက်မီးသွေးစက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို မြော်တွေးရင်း အာဆီယံကျောက်မီးသွေးကောင်စီအတွက် အကျိုးဖြစ်ထွန်းရေးဆိုင်ရာများကို ဆွေးနွေးကြသည်။

အထူးသဖြင့် အာဆီယံနိုင်ငံများ၏ ကျောက်မီးသွေးအရင်းအမြစ်၊ ကျောက်မီးသွေးဓာတ်အားပေးစက်ရုံများ၏ စွမ်းရည်မြှင့်တင်မှု၊ ဒေသတွင်း ကျောက်မီးသွေးသုံးစွဲမှုနှင့် ကုန်သွယ်မှု၊ သဘာဝပတ်ဝန်းကျင်မထိခိုက်စေရေးနှင့် ကျောက်မီးသွေးအားသာမှုတို့ကို ဆွေးနွေးကြသည်။ ထို့အတူ ကျောက်မီးသွေးသုံး စက်ကိရိယာများ တစ်ပြေးညီဖြစ်ရေး၊ အာဆီယံကျောက်မီးသွေးသတင်းစာဖြန့်ချိမှု၊ ဂျပန်နိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား အနာဂတ် ကျောက်မီးသွေးကုန်သွယ်မှု စသည်တို့ကိုလည်း ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံအနေဖြင့် ကျောက်မီးသွေးဆိုင်ရာ ပုဂ္ဂလိကအခန်းကဏ္ဍ မြှင့်တင်ရေး၊ နိုင်ငံ၏ ကျောက်မီးသွေး အလားအလာတို့ကို ဆွေးနွေးခဲ့သည်။ နဝမအကြိမ်မြောက် အာဆီယံကျောက်မီးသွေးကောင်စီ အစည်းအဝေး ကျင်းပခြင်းသည် အတွေ့အကြုံကောင်းများ၊ အဖွဲ့ဝင်နိုင်ငံများ၏ ကျောက်မီးသွေးဆိုင်ရာ မူဝါဒ၊ လုပ်ထုံးလုပ်နည်း၊ ဥပဒေရေးရာ စီမံခန့်ခွဲမှုများ သိရှိလာနိုင်မည့်အပြင် အာဆီယံနိုင်ငံချင်း ပူးပေါင်းဆောင်ရွက်မှုနှင့် ကျောက်မီးသွေး ထုတ်လုပ်သုံးစွဲမှု အဆင့်မြင့်နည်းပညာများ ပိုမိုရရှိလာနိုင်မည်ဖြစ်ကြောင်း သုံးသပ်တင်ပြလိုက်ရပေသည်။ ။

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၆-၈-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

- ၇း၀၄ ၁။ နိုင်ငံတော်သီချင်း
- ၇း၀၅ ၂။ တရားတော်
- ၇း၂၀ ၃။ ဓမ္မပူဇာတေး
- ၇း၂၅ ၄။ မျိုးချစ်တပ်မတော်
- ၇း၃၀ ၅။ မြန်မာ့ရှုခင်း
- ၇း၄၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၁း၁၀ ၁။ နိုင်ငံတော်သီချင်း
- ၁၁း၁၅ ၂။ အဖွင့်သီချင်း
- ၁၁း၂၀ ၃။ မျိုးချစ်တပ်မတော်
- ၁၁း၂၅ ၄။ ကာတွန်းအစီအစဉ်
  -ဟင်နရီရဲ့အိပ်မက်
  (အပိုင်း-၁)
- ၁၂း၀၀ ၅။ **ရုပ်မြင်သံကြားဇာတ်လမ်း**
  -ရင်ခွင်တံခါး
  (မြင့်မြတ်၊ စိုးမြတ်သူဇာ)
  (ဒါရိုက်တာ-ကုသိုလ်)
- ၁း၃၀ ၆။ သာယာသီကြွေးခေတ်ဆန်းတေး
- ၂း၀၀ ၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း**
  -ဖြူစင်သောနှလုံးသား
  (အပိုင်း-၄)

ညပိုင်း

- ၄း၀၃ ၁။ နိုင်ငံတော်သီချင်း
- ၄း၀၆ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၂၀ ၄။ ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
- ၄း၂၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၃၀ ၆။ ချစ်သူစုံတွဲတူယှဉ်နွဲ
- ၄း၄၀ ၇။ သန့်စွာကိုင်လေစက္ကူငွေ
- ၄း၅၀ ၈။ လျှပ်တစ်ပြက်
- ၅း၁၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၃၀ ၁၀။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၂၀ ၁၃။ စားဖိုဆောင်ချစ်သူ
- ၆း၄၀ ၁၄။ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
- ၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း**
  -ဘဝရဲ့တမ်းတခြင်း
  (အပိုင်း-၁၂)
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ နိုင်ငံတကာသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ လူ့ရှင်တော်စတား
- ၂၁။ အင်္ဂလိပ်စာသုတ
- ၂၂။ ယနေ့ညအတွက်မြဝတီ၏
  တေးလက်ဆောင်
- ၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း**
  -ပေါင်မုန့်အချစ်
  အိပ်မက်လေးရယ်
  (အပိုင်း-၂၇)
- ၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း**
  -အိမ်အပြန်လမ်း
  (အပိုင်း-၇၀)

ပြည်သူ့ သဘောထား	✪	ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
	✪	နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
	✪	နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
	✪	ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း အင်္ဂလိပ်ဘာသာကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၁/၂၀၁၁) ဆင်းပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း အင်္ဂလိပ်ဘာသာကျွမ်းကျင်မှု သင်တန်း အမှတ်စဉ်(၁/၂၀၁၁)ဆင်းပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဩဂုတ် ၅

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ကြီးမှူးဖွင့်လှစ်သည့် အင်္ဂလိပ်ဘာသာကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၁/၂၀၁၁)ဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် နေပြည်တော်သတင်းစာတိုက်ရှိ The New Light of Myanmar သင်တန်းခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ ညွှန်ကြားရေးမှူး(သတင်း)၊ သတင်းစာတိုက်များမှ စာတည်းမှူးချုပ်များ၊ သင်တန်းနည်းပြများ၊ အရာထမ်း၊ အမှုထမ်းများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဆက်လက်လေ့ကျင့်

ရှေးဦးစွာ ဒုတိယဝန်ကြီး ဦးစိုးဝင်းက အမှာစကားပြောကြားရာ၌ ယခုသင်တန်းကို ဌာနအနေဖြင့် များစွာအလေးထားဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ပြင်ပနည်းပြများကိုပါ ခေါ်ယူ၍ ဝန်ထမ်းများ၏ အင်္ဂလိပ်စာ အရည်အသွေး ပိုမိုတိုးတက်စေရန် လေ့ကျင့် ဆောင်ရွက်ပေးခဲ့ကြောင်း၊ သင်တန်း ပြီးဆုံးသွားသော်လည်း စဉ်ဆက်မပြတ် ဆက်လက်လေ့ကျင့်သွားကြရန် လိုအပ်ကြောင်း၊ အင်္ဂလိပ်ဘာသာစကားကို များများပြော၊ များများရေး၊ များများနားထောင်၊ များများဖတ်ခြင်းဖြင့် စဉ်ဆက်မပြတ် အရည်အသွေး တိုးတက်အောင် ကြိုးပမ်းနေကြရမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးစိုးဝင်းက သင်တန်းတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် The New Light of Myanmar သတင်းစာတိုက်မှ ဝန်ထမ်းများဖြစ်ကြသော ပထမဆုရ ဦးသက်ကိုကို၊ ဒုတိယဆုရ ဦးထင်ကျော်အေး၊ တတိယဆုရ ဦးဇော်ဇော်ရှိန်တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဇော်မင်းဦးက သင်တန်းနည်းပြများဖြစ်ကြသည့် မြန်မာ့အလင်းပုံနှိပ်တိုက် စာတည်းမှူးချုပ် ဦးတင်မောင်သန်း၊ မြန်မာ့သတင်းစဉ် (နိုင်ငံခြား) စာတည်းမှူးချုပ် ဒေါ်သန်းငွေးနှင့် The New Light of Myanmar သတင်းစာတိုက် စာတည်းမှူးချုပ် ဦးသန်းမြင့်ထွန်းတို့အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ယင်းနောက် သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီးသည် တက်ရောက်လာကြသည့် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းသင်တန်းသို့ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ သင်တန်းသား၊ သင်တန်းသူ ၂၄ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ မေ ၃၀ ရက်မှ ယနေ့အထိ ရက်သတ္တ ၁၀ ပတ် ကြာမြင့်ခဲ့သည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း အင်္ဂလိပ်ဘာသာကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၁/၂၀၁၁) တွင် ပထမဆုရ ဦးသက်ကိုကိုအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။
(သတင်းစဉ်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၅-၈-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၂၉. ၈၅၀၀	၀. ၀၃၃၅၀
တရုတ် (ယွမ်)	၆. ၄၄၅၀၀	၀. ၁၅၅၁၅
အိန္ဒိယ (ရူပီး)	၄၄. ၇၃၀၀	၀. ၀၂၂၃၅
မလေးရှား (ရင်းဂစ်)	၃. ၀၁၀၅၀	၀. ၃၃၂၁၇
စင်ကာပူ (ဒေါ်လာ)	၁. ၂၁၉၁၈	၀. ၈၂၀၂၂
ဂျပန် (ယန်း)	၇၈. ၅၃၀၁	၀. ၀၁၂၇၃
တောင်ကိုရီးယား(ဝမ်)	၁၀၆၇. ၅၉	၀. ၀၀၀၉၃
ယူရို	၀. ၇၀၄၄၉	၁. ၄၁၉၄၇
ဗြိတိသျှ (ပေါင်)	၀. ၆၁၀၄၅	၁. ၆၃၈၁၂

အင်တာနက်။

မန်တုံမြို့နယ်၌ စုပေါင်းသစ်ပင်စိုက်ပျိုး

မန်တုံ ဩဂုတ် ၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) မန်တုံမြို့နယ်အတွင်း စိမ်းလန်းစိုပြည်ရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်၊ မြို့နယ်သစ်တောဦးစီးမှူး ဦးမောင်ဦးနှင့် ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးအောင်ဇော်မိုးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီလာလှိုင်နှင့် အဖွဲ့ဝင်များ၊ ဒေသခံ ပလောင်တိုင်းရင်းသားများ အပါအဝင် အင်အား ၅၀၀ ကျော်တို့သည် ဇူလိုင် ၁၀ ရက်နံနက်ပိုင်းက မန်တုံအထက ကျောင်းဝင်းအတွင်း ယူကလစ်၊ ရေသင်းဝင်၊ မဲဇလီ၊ ထင်းရှူးစသည့် ပျိုးပင်ပေါင်း ၆၀၀ ကို စုပေါင်းစိုက်ပျိုးကြသည်။ **(အောက်ပုံ)** (၅၆၃)

❖ ရှေ့ဖုံးမှ

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က ဘောဂသိဒ္ဓိဆေးရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ပါဝင်

ယနေ့ဖွင့်လှစ်လိုက်သည့် ဘောဂသိဒ္ဓိဆေးရုံတွင် ပြင်ပလူနာဌာန၊ အတွင်းလူနာဌာန၊ ခွဲစိတ်ခန်း သုံးခန်း၊ မီးယပ်နှင့် သားဖွားခန်း၊ ရောဂါရှာဖွေရေးဆိုင်ရာ ဓာတ်ခွဲခန်းနှင့် ဓာတ်မှန်ဖြင့် ရောဂါရှာဖွေခြင်း (X.Rays & Ultrasounds) တို့ပါရှိပြီး အထွေထွေနှင့် အထူးကုလူနာစောင့်ရှောက်မှု၊ အထွေထွေရောဂါ၊ ဆီးနှင့်ကျောက်ကပ်၊ ဦးနှောက်နှင့် အာရုံကြော၊ နှလုံးနှင့်အဆုတ်ရောဂါ၊ သွားနှင့်ခံတွင်း၊ မျက်စိ၊ နား၊ နှာခေါင်းနှင့် လည်ချောင်း၊ စိတ်ရောဂါ၊ အရေပြား၊ ကင်ဆာရောဂါနှင့် သားဖွားမီးယပ်ရောဂါ ကုသရေးလုပ်ငန်းများ ပါဝင်သည်။

၂၄ နာရီ ဝန်ဆောင်မှုပေး

ထို့အပြင် ပြင်ပလူနာစောင့်ရှောက်မှုနှင့် အတွင်းလူနာ စောင့်ရှောက်မှုများကို ၂၄ နာရီ ဝန်ဆောင်မှုပေးမည်ဖြစ်ပြီး ပြင်ပလူနာဌာန ဆရာဝန်နှင့် အဆင့်မြင့်တိုင်ပင်ဆွေးနွေးခွင့်ရှိသည့် အခန်းခြောက်ခန်းပါရှိ၍ ရောဂါရှာဖွေရေးအနေဖြင့် ဓာတ်မှန်၊ Ultrasounds အဆင့်မြင့် ဓာတ်ခွဲခန်းနှင့် သွားနှင့်ခံတွင်းကုသခန်းတို့ကို ၂၄ နာရီ ထားရှိမည်ဖြစ်ကာ သားဖွားခန်းကိုလည်း သီးသန့်ထားရှိသည်။ ခွဲစိတ်ခန်းတွင် ခွဲစိတ်ဆရာဝန်ကြီးသုံးဦးက အကြီးစားခွဲစိတ်ခန်း နှစ်ခန်းနှင့် အသေးစားခွဲစိတ်ခန်း တစ်ခန်း စုစုပေါင်း ခွဲစိတ်ခန်းသုံးခန်းတို့ဖြင့် တစ်ပြိုင်နက်တည်း ခွဲစိတ်ပေးနိုင်ကြောင်း သိရှိရသည်။ လူနာများအား လက်ထောက်ဆရာဝန်များက ၂၄ နာရီ ကြီးကြပ် ကုသပေးမည်ဖြစ်ပြီး လိုအပ်ချက်ရှိလာပါက အထူးကုဆရာဝန်ကြီးများနှင့် ပြသတိုင်ပင်၍ လိုအပ်သလို ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကာ အရေးပေါ်လိုအပ်ပါကလည်း လူနာများအား ပို့ဆောင်ရန် လူနာတင်ယာဉ်များဖြင့် ၂၄ နာရီ ဝန်ဆောင်မှုပေး၍ ဆောင်ရွက်ပေးမည်ဖြစ်သည်။ (သတင်းစဉ်)

နေပြည်တော် သပြေကုန်းဈေး ဇီဝကဆေးဆိုင်ခန်းရှိ ဘောဂသိဒ္ဓိဆေးရုံကို တွေ့ရစဉ်။ (သတင်းစဉ်)

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် e-Government အသုံးချကွန်ပျူတာသင်တန်း အမှတ်စဉ် (၂/၂၀၁၁)နှင့် အင်္ဂလိပ်စာအခြေခံသင်တန်းအမှတ်စဉ်(၂/၂၀၁၁)ဆင်းပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။(သတင်းစဉ်)

အလုပ်သမားဝန်ကြီးဌာန e-Government အသုံးချကွန်ပျူတာသင်တန်းနှင့် အင်္ဂလိပ်စာအခြေခံသင်တန်း အမှတ်စဉ် (၂/၂၀၁၁)ဆင်းပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဩဂုတ် ၅

အလုပ်သမားဝန်ကြီးဌာနတွင် ဇူလိုင် ၄ ရက်မှ ဩဂုတ် ၅ ရက်အထိ ဖွင့်လှစ်သင်ကြားခဲ့သည့် e-Government အသုံးချကွန်ပျူတာသင်တန်း အမှတ်စဉ် (၂/၂၀၁၁)နှင့် ဇွန် ၁၃ ရက်မှ ဩဂုတ် ၅ ရက်အထိ ဖွင့်လှစ်သင်ကြားခဲ့သည့် အလုပ်သမားရေးရာ အင်္ဂလိပ်စာအခြေခံသင်တန်း အမှတ်စဉ် (၂/၂၀၁၁)ဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး သင်တန်းအလိုက် ထူးချွန်စွာ အောင်မြင်ခဲ့သူများအား ဆုချီးမြှင့်၍ ဗဟိုဝါဏိဇ္ဇ ပဋိပက္ခမှုကော်မတီရုံး ညွှန်ကြားရေးမှူးချုပ်က သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်သည်။ e-Government အသုံးချကွန်ပျူတာသင်တန်း အမှတ်စဉ် (၂/၂၀၁၁)တွင် သင်တန်းသား၊ သင်တန်းသူ ၁၄ ဦး၊ အလုပ်သမားရေးရာ အင်္ဂလိပ်စာအခြေခံသင်တန်း အမှတ်စဉ်(၂/၂၀၁၁) တွင် သင်တန်းသား၊ သင်တန်းသူ ၁၉ ဦး တို့ တက်ရောက်ခဲ့ကြသည်။

အလုပ်သမားဝန်ကြီးဌာနတွင် ဝန်ထမ်းများအနေဖြင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှု တိုးတက်စေရန်နှင့် e-Government လုပ်ငန်းစဉ်များကို ထိရောက်လျင်မြန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ကွန်ပျူတာသင်တန်းများကို ၂၀၀၈ နှစ်မှ စတင်၍ အမှုထမ်း (၉)ကြိမ် ၁၈၀ ဦး၊ အရာထမ်း(၆)ကြိမ် ၈၂ ဦး ပေါင်း ၂၆၂ ဦးနှင့် အင်္ဂလိပ်စာ သင်တန်းများအနေဖြင့် အမှုထမ်း(၄)ကြိမ် ၇၈ ဦး၊ အရာထမ်း(၃)ကြိမ် ၃၉ ဦး ပေါင်း ၁၁၇ ဦးတို့အား လုပ်ငန်းခွင်မပျက် သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

(သတင်းစဉ်)

သဘာဝအခြေခံခရီးသွားလုပ်ငန်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၅

သဘာဝအခြေခံ ခရီးသွားလုပ်ငန်း အလုပ်ရုံဆွေးနွေးပွဲကို မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့က ဦးစီး၍ ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ယမန်နေ့က ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်**(အပေါ်ပုံ)**နှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ဥက္ကဌ ဒေါက်တာခင်ရွှေ တို့က အမှာစကားပြောကြားကြသည်။

အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၅ ရက် အထိ ကျင်းပခဲ့ပြီး သဘာဝအခြေခံခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သောဝန်ကြီးဌာနများ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များ၊ အဖွဲ့အစည်းများ၊ ဧည့်လမ်းညွှန်များနှင့် စိတ်ဝင်စားသော ပုဂ္ဂိုလ်များက စာတမ်း ၁၇ စောင်ကို ဖတ်ကြားဆွေးနွေးကြမည်ဖြစ်သည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆-၈-၂၀၁၁ (စနေနေ့)

AM & PM

၆း၃၀	MRTV-4 သတင်း
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၈၇)**
၇း၃၀	FIFA U-20 WORLD CUP COLOMBIA 2011 (France Vs Mali) (LIVE)
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၂၉)**
၁၀း၂၀	MRTV-4 7th Anniversary Live Show (Day-1)(Part-5)
၁၁း၁၀	Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၁း၃၅	Activities In The City
၁၁း၅၀	ဆံကေသာဖန်တီးသူနှင့် တွေ့ဆုံစဉ်ခဏ
၁၂း၀၅	"ဝ"တာတကယ်လှလို့လား ကျန်းမာရေးစကားဝိုင်း(အပိုင်း-၁)
၁၂း၂၀	လွယ်ကူသက်သာစားစရာ "ဆီးသီးယိုနှင့်သရက်အကြွပ်ယို"
၁၂း၄၀	ဈာန်ကြွနေသည့်အလား ရှင်တော်မြတ်အားပူဇော်ပါ၏ဘုရား
၁၂း၅၅	"ပါရမီ" တရားတော် (ဆရာတော်ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ)
၁း၄၅	ဘွဲ့အမည်နာမတော်သုံးမျိုးနဲ့ ထင်ပေါ်ဘုရင်ညီနောင်ရတနာ လိုဏ်ဂူတော်
၂း၀၀	MRTV-4 သတင်း
၂း၂၀	သွားမယ်စားမယ်
၂း၅၀	Activities In The City
၃း၀၅	နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာ [ရခိုင်သဟာယအသင်း(ရန်ကုန်)]
၃း၂၀	Korea City of Seoul is ... Transportation
၄း၁၀	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ **"မာယာမျဉ်းပြိုင်" (အပိုင်း-၂၉)**
၄း၅၀	Movie Talk (ကြေွလွင့်ကြယ်ပွင့်များ) (အပိုင်း-၄) (ဒါရိုက်တာ-ကြည်စိုးထွန်း)
၅း၁၅	မဟာလောကသရဖူစေတီတော်မြတ်ကြီး ရွှေထီးတော်သစ်နှင့် စိန်ဖူးတော်မြတ် အထွတ်တင်လှူပူဇော်ပွဲအခမ်းအနား
၅း၃၀	ဂဏန်းသချ်ာပျော်စရာ
၆း၀၀	MRTV-4 သတင်း
၆း၂၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၈၈)**
၇း၀၀	MRTV-4 7th Anniversary Live Show (Day-1)(Part-6)
၈း၀၀	MRTV-4 သတင်း
၈း၃၀	Kid's Show
၉း၀၀	VJ Choice
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၃၀)**
၁၀း၂၀	FIFA U-20 WORLD CUP COLOMBIA 2011 (Uruguay Vs Cameroon) (DELAY)
၁၂း၀၅	စိတ်ကူးတို့နှင့်မြမြင့်မိုရ်
၁၂း၂၅	ပဒုမ္မာကြာနွယ်ရိုးမှသည်. . .
၁၂း၄၀	ပြင်ဦးလွင်ရဲ့ရွှေခြသေ့်
၁း၀၀	World of Knowledge
၁း၄၅	မှတ်မှတ်ရရရှိစေဖို့ ကယားဒေသဟင်းထုပ်
၂း၀၀	FIFA U-20 WORLD CUP COLOMBIA 2011 (Colombia Vs Korea Republic) (DELAY)
၃း၄၅	သဘာဝကပေးသော လက်ဆောင်များ
၃း၅၀	မြန်မာ့တူရိယာစည်တော်ကြီး
၄း၀၅	ဘဝဆည်းဆာအလှုရှင်များ၏ နားခိုရာ
၄း၃၀	FIFA U-20 WORLD CUP COLOMBIA 2011 (Ecuador Vs Costa Rica) (LIVE)

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Human Resource Seminar ကျင်းပမည်

ရန်ကုန် ဩဂုတ် ၅

Human Resource Association of Myanmar (HRAM) မှ ကြီးမှူး၍ Human Resource Seminar ကို ဩဂုတ် ၁၃ ရက် (စနေနေ့)မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ်(၂၉)ရှိ UMFCCI Office Tower မင်္ဂလာခန်းမ၌ ဦးအေးကျော်(MHR)က The Role of HR Association in National Development ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က Capacity Development for HR Professional ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောမည်ဖြစ်၍ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်ဆွေးနွေးနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ဆိုင်းဘုတ်စိုက်ထူ

ရန်ကုန် ဩဂုတ် ၅

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်အတွင်း ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် အသိပညာပေးဆိုင်းဘုတ်ကို ဩဂုတ် ၄ ရက်က အင်းစိန်မြို့နယ် ပန်းခြံရှေ့၌ မြို့နယ်လျှပ်စစ်ရုံးဝန်ထမ်းများက စိုက်ထူခဲ့ကြသည်။

(သတင်းစဉ်)

ငါးရစ်ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

၂၀၁၁ ခုနှစ် နှစ်စပိုင်းမှစ၍ အကြမ်းဖက်မှုများကြောင့် ပါကစ္စတန်နိုင်ငံသား ၈၀၀ ကျော်သေဆုံး

အစ္စလာမ္မာဘတ် ဩဂုတ် ၅

ပါကစ္စတန်နိုင်ငံတောင်ပိုင်း ကရာချိမြို့တော်၌ ဂိုဏ်းဂဏ ဝါဒကွဲများကြောင့်လည်းကောင်း၊ နိုင်ငံရေးနှင့် လူမျိုးရေးကို အရင်းခံ၍သော်လည်းကောင်း ဖြစ်ပွားခဲ့ရသော အကြမ်းဖက်မှုများကြောင့် ယခုနှစ်စပိုင်းမှစ၍ လူ ၈၀၀ ကျော်သေဆုံးခဲ့ရကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ပါကစ္စတန်နိုင်ငံ လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာကော်မရှင်၏ စာရင်းဇယားထုတ်ပြန်မှုများအရ ယခုနှစ်နှစ်ဝက်ကာလအတွင်း သတင်းစာဆရာများအပါအဝင် လူ ၄၉၀ သေဆုံးခဲ့ရပြီး ဇူလိုင်လတစ်လတည်းအတွင်း အကြမ်းဖက်မှုများကြောင့် သေဆုံးခဲ့သူဦးရေမှာ ၃၀၀ ကျော်ရှိကြောင်း သိရသည်။

ကရာချိမြို့တော်သည် လူမျိုးစုအမျိုးမျိုးတို့ မှီတင်းနေထိုင်ရာမြို့တော်ဖြစ်ပြီး အူရဒူဘာသာစကားပြော လူမျိုးစုများအားကိုယ်စားပြုထားသည့် လူမျိုးစုများနှင့် ပတ်ရှ်တိုဘာသာစကားပြောလူမျိုးစုများသည် ကရာချိမြို့၏ အဓိကပြိုင်ဘက်များဖြစ်ကြသည်။

နိုင်ငံရေး၊ မြေယာပိုင်ဆိုင်မှုနှင့် စီးပွားရေးကဏ္ဍများ၌ယင်းအုပ်စုနှစ်စုအကြား အပြိုင်အဆိုင်ဖြစ်နေခြင်းသည် ကရာချိမြို့တော်အတွက် အဓိကခြိမ်းခြောက်မှုတစ်ရပ်ဖြစ်သည်။

အဆိုပါအုပ်စုနှစ်စုအကြား ပဋိပက္ခများကြောင့် ယခုနှစ်ဇူလိုင်လအတွင်း လူပေါင်း ၃၀၈ ဦး သေဆုံးခဲ့ရကြောင်း သတင်းများအရ သိရသည်။ ကရာချိမြို့တော် လုံခြုံရေးအတွက် ပါကစ္စတန်အစိုးရက လုံခြုံရေးဆိုင်ရာ စည်းမျဉ်းများ ချမှတ်ဆောင်ရွက်လျက်ရှိသော်လည်း အကြမ်းဖက်မှုများမှာ အတောမသတ်ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။ **ရိုက်တာ။**

အစ္စရေးထောင်ခါမှ ဟားမားစ်ခေါင်းဆောင်တစ်ဦး ပြန်လည်လွတ်မြောက်

ဂျေရုဆလင် ဩဂုတ် ၅

အကျဉ်းထောင်များ၌ အကျဉ်းသားများ ပြည့်သိပ်နေမှုကြောင့် ထောင်ခါသည့်အနေဖြင့် အစ္စရေးနိုင်ငံက အကျဉ်းသားများအား ပြန်လွှတ်ပေးခဲ့ရာ ဟားမားစ်လှုပ်ရှားမှုအဖွဲ့ခေါင်းဆောင်တစ်ဦးအပါအဝင် အစ္စရေးနှင့် ပါလက်စတိုင်းအကျဉ်းသား ၇၇၀ အထိ ရှိခဲ့ကြောင်း ဩဂုတ် ၄ ရက် သတင်းများတွင် ဖော်ပြသည်။

အစ္စရေးနိုင်ငံက ပြန်လွှတ်ပေးခဲ့သော ပါလက်စတိုင်းအကျဉ်းသား ၂၀၀ အနက် အများစုမှာ ပြစ်ဒဏ်ကျခံရသည့်ကာလ ပြီးဆုံးလုဆဲဆဲ အကျဉ်းသားများဖြစ်ကြောင်း အစ္စရေးအာဏာပိုင်များက ပြောကြားခဲ့သည်။

ပြန်လည်လွှတ်ပေးခဲ့သော အကျဉ်းသားများထဲတွင် အနောက်ဘက်ကမ်းဒေသ ဟားမားစ်လှုပ်ရှားမှုအဖွဲ့၏ ခေါင်းဆောင်တစ်ဦးဖြစ်သူ ဟက်ဆန်ယူဆွတ် အမည်ရှိသူတစ်ဦးလည်း ပါဝင်မည်ဟု ယုံကြည်ရသည်။

ဟတ်ဆန်ယူဆွတ်သည် အကြမ်းဖက်ဝါဒီ အဖွဲ့အစည်းအတွင်း ပါဝင်မှုဖြင့် ထောင်ဒဏ်ခြောက်နှစ် ချမှတ်ခံထားရသူဖြစ်ပြီး ၎င်းလွတ်မြောက်ရန်အတွက် ရက်သတ္တခြောက်ပတ်မျှသာ ကျန်ရှိတော့သည်။

အစ္စရေးလူ့အခွင့်အရေးအဖွဲ့တစ်ဖွဲ့၏ ဧပြီလထုတ်ပြန်ချက်အရ အစ္စရေးအကျဉ်းထောင်များ၌ ပါလက်စတိုင်းဒေသသား ၅၃၈၀ ဦး အကျဉ်းချခံနေရပြီး ၎င်းတို့အနက် ၂၁၇ ဦးမှာ ၁၈ နှစ်အောက်လူငယ်များဖြစ်ကြောင်းသိရသည်။ **အင်တာနက်။**

စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှု အထိမ်းအမှတ် အဆောက်အအုံ ပြည်သူတို့ လေ့လာနိုင်မည်

နယူးယောက် ဩဂုတ် ၅

အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှု အထိမ်းအမှတ်အဆောက်အအုံကို နှစ်ပတ်လည်အခါသမယတွင် ပြည်သူလူထုလေ့လာကြည့်ရှုနိုင်ရန် ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ဩဂုတ် ၅ ရက်တွင် ပြောကြားသည်။

သမိုင်းဝင် အကြမ်းဖက်တိုက်ခိုက်မှု နှစ်ပတ်လည်အခါသမယတွင် ပြည်သူများအနေဖြင့် နယူးယောက်မြို့ရှိ စက်တင်ဘာ ၁၁ရက် အကြမ်းဖက်တိုက်ခိုက်မှု အထိမ်းအမှတ်အဆောက်အအုံသို့ လေ့လာကြည့်ရှုရန် သွားရောက်နိုင်မည်ဖြစ်ကြောင်း စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှုအထိမ်းအမှတ် အဆောက်အအုံနှင့် ပြတိုက်ဌာနဥက္ကဋ္ဌ ဂျိုးဒင်နီယယ်လ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ပထမဆုံးအကြိမ်ဖြစ်

အကြမ်းဖက် တိုက်ခိုက်ခံခဲ့ရသော ကမ္ဘာ့ကုန်သွယ်ရေးဗဟိုဌာန တည်ရှိရာနေရာသို့ ပြည်သူများအား လေ့လာကြည့်ရှုခွင့်ပေးခြင်းမှာ ၁၀ နှစ်အတွင်း ပထမဆုံးအကြိမ်ဖြစ်သည်။

စက်တင်ဘာ ၁၁ ရက် အကြမ်းဖက် တိုက်ခိုက်မှု ၁၀ နှစ်ပြည့် နှစ်ပတ်လည်နေ့တွင် ယင်းတိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရသူများ၏ မိသားစုများက အထူးဝတ်ပြုဆုတောင်းပွဲကို ကျင်းပမည်ဖြစ်သည်။

ယခုအချိန်အထိ စက်တင်ဘာ၁၁ရက် အကြမ်းဖက်တိုက်ခိုက်မှုအထိမ်းအမှတ် အဆောက်အအုံ၌ လေ့လာကြည့်ရှုနိုင်ရန် ကြိုတင်စာရင်းပေးထားသူဦးရေမှာ အမေရိကန်ပြည်နယ်ပေါင်း ၅၀ နှင့် အခြားနိုင်ငံ ၄၇ နိုင်ငံတို့မှ လူပေါင်း ၂၅၀၀၀၀ ဖြစ်ကြောင်း ဒင်နီယယ်လ်က ပြောကြားသည်။ ***ဆင်ဟွာ။***

တရုတ်နှင့်ရုရှား စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်မည်

ဩဂုတ် ၄ရက်က မြို့တော်မော်စကို၌ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူနေသော တရုတ်ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးချန်ဘင်းအား တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

မော်စကို ဩဂုတ် ၅

တရုတ်နိုင်ငံသည် ရုရှားနိုင်ငံနှင့် စစ်ဘက်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုမြှင့်တင်သွားမည်ဖြစ်ကြောင်း တရုတ်ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးချန်ဘင်းက ဩဂုတ် ၄ ရက်တွင် ပြောကြားသည်။

ဆွေးနွေးခဲ့

တရုတ်ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးချန်သည် မြို့တော်မော်စကို၌ ရုရှားကာကွယ်ရေးဝန်ကြီး အင်နာတိုလီဆာဒူကော့နှင့် နှစ်နိုင်ငံ စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့သည်။

နှစ်နိုင်ငံစစ်ဘက်ဆိုင်ရာ ဆက်ဆံရေးမှာ မကြာသေးမီနှစ်များမှစ၍ သိသိသာသာတိုးတက်လျက်ရှိကြောင်း ၎င်းကပြောကြားသည်။

တရုတ်နှင့် ရုရှားနိုင်ငံတို့ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရာတွင် စစ်ဘက်ဆိုင်ရာဆက်ဆံရေး မြင့်မားရန်လိုအပ်ကြောင်း၊ မိမိတို့နှစ်နိုင်ငံဆက်ဆံရေးတိုးတက်ခြင်းဖြင့် ဒေသဆိုင်ရာနှင့် နိုင်ငံတကာတို့တွင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုဖြစ်ပေါ်ရန် အထောက်အကူပြုမည်ဖြစ်ကြောင်း ချန်က ပြောကြားသည်။

ချန်သည် ချစ်ကြည်ရေးခရီးအဖြစ် ရုရှားနိုင်ငံသို့ ဩဂုတ် ၃ ရက်တွင် ရောက်ရှိလာခဲ့သည်။ ၎င်းသည် ယူကရိန်းနှင့် အစ္စရေးနိုင်ငံတို့သို့လည်း ဆက်လက်သွားရောက်မည်ဖြစ်သည်။ **ဆင်ဟွာ။**

နိုင်ဂျီးရီးယား ရေနံညစ်ညမ်းမှုသန့်ရှင်းရေး နှစ် ၃၀ ကြာမည်

နိုင်ဂျာ ဩဂုတ် ၅

နိုင်ဂျီးရီးယားနိုင်ငံ နိုင်ဂျာမြစ်ဝကျွန်းပေါ်ဒေသ အိုဂိုနီလင်းတွင် ရေနံအညစ်အကြေး အမြောက်အမြားရှိနေခြင်းကို ရှင်းလင်းရန်အတွက် ဆယ်စုနှစ်ပေါင်းများစွာ အချိန်ယူရမည်ဖြစ်ကြောင်း ကုလသမဂ္ဂသဘာဝ ပတ်ဝန်းကျင်အစီအစဉ်(ယူအန်အီးပီ)က ထုတ်ပြန်ကြေညာသည်။

နှစ်ပေါင်းငါးဆယ်ကြာမျှ ရေနံတူးဖော်ခဲ့ခြင်းကြောင့် အိုဂိုနီဒေသအတွင်း၌ ဟင်းသီးဟင်းရွက်သီးနှံစိုက်ခင်းများ၊ မြေဆီလွှာများ၊ ရေနှင့် လေတို့တွင် ညစ်ညမ်းလျက်ရှိကြောင်း ယင်းဒေသ၌ သဘာဝပတ်ဝန်းကျင်အခြေအနေကို ဦးဆောင်၍ လေ့လာသုံးသပ်လျက်ရှိသည့် ယူအန်အီးပီ၏အစီရင်ခံစာက သောကြာနေ့တွင် ဖော်ပြသည်။

ထိုဒေသ၌ သဘာဝပတ်ဝန်းကျင် မူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေရန် ဆောင်ရွက်ရာတွင် နှစ်ပေါင်း ၃၀ ကြာမြင့်မည်ဟု ယူအန်အီးပီ၏ အစီရင်ခံစာတွင် ထပ်မံဖော်ပြသည်။ သန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်ရာ၌ ပထမ ငါးနှစ်အတွက် ကနဦးကုန်ကျစရိတ်သည် အမေရိကန်ဒေါ်လာ တစ်ဘီလီယံဖြစ်၍ ကမ္ဘာပေါ်၌ ကုန်ကျစရိတ်အကြီးမားဆုံးသော ရေနံရှင်းလင်းရေးလုပ်ငန်း ဖြစ်မည်ဖြစ်သည်။ **အင်တာနက်။**

တိုင်ဖုန်းမုန်တိုင်းများတိုက်ခတ်မှုကြောင့် ဖိလစ်ပိုင်၌ ၇၂ ဦးထက်မနည်း သေဆုံး

မနီလာ ဩဂုတ် ၅

ဖိလစ်ပိုင်နိုင်ငံ၌ တိုင်ဖုန်းမုန်တိုင်းများတိုက်ခတ်မှုကြောင့် လူပေါင်း ၇၂ ဦးထက်မနည်းသေဆုံးခဲ့ရကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် စီမံခန့်ခွဲရေးကောင်စီက ဩဂုတ် ၅ ရက်တွင် ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံတွင် မီဖာတိုင်ဖုန်းမုန်တိုင်းနှင့် နော့တင်းတိုင်ဖုန်းမုန်တိုင်းများ တိုက်ခတ်ခဲ့သည်။မီဖာတိုင်ဖုန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် လယ်ယာစိုက်ပျိုး ရေးလုပ်ငန်းများနှင့် အခြေခံအဆောက်အအုံဆိုင်ရာ ဆုံးရှုံးမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၀၀၀၀၀ ခန့်ရှိသည်ဟု ခန့်မှန်းရသည်။ **ဆင်ဟွာ။**

အစ္စရေးနိုင်ငံ၌ ကြွက်စုတ်များ သောင်းကျန်းနေ

ဂျေရုဆလင် ဩဂုတ် ၅

အစ္စရေးနိုင်ငံ၌ ကြွက်စုတ်များ သောင်းကျန်းမှုသည် စိုးရိမ်ဖွယ်ပြဿနာတစ်ရပ်ဖြစ်လာကြောင်း ဩဂုတ် ၅ ရက် သတင်းများတွင် ဖော်ပြသည်။

ဖျက်ဆီးနေ

ကျောက်ဆောင်ယုန်များဟူ၍ အစ္စရေးနိုင်ငံ၌ လူသိများသော အဆိုပါ ကြွက်စုတ်များသည် လူနေဒေသများအထိ ကျူးကျော်ဝင်ရောက်ကာ ဥယျာဉ်စိုက်ခင်းများအား စားသောက်ဖျက်ဆီးနေကြောင်း သိရသည်။

အဆောက်အအုံများ တည်ဆောက်ရာဒေသ အပျက်အစီးများကြား၌ ကြွက်စုတ်များ အဘယ်ကြောင့် ရှင်သန်ပျော်ပါးရသည်ကို သိပ္ပံပညာရှင်များက လေ့လာလျက်ရှိကြောင်း သိရသည်။

အစ္စရေးနိုင်ငံ ကျောက်ဆောင် ကျောက်တောင်များ အကြား ကျက်စားလေ့ရှိသော ကြွက်စုတ် တစ်ကောင် ကို တွေ့ရစဉ်။

အရှေ့အလယ်ပိုင်းဒေသ၌ ကြွက်စုတ်များနှင့် ပတ်သက်၍ ယခင်က အတွေ့အကြုံမရှိခဲ့သော်လည်း ယခုအချိန်၌ နဖူးတွေ့ဒူးတွေ့ကြုံနေရပြီဖြစ်ကြောင်း အစ္စရေးနိုင်ငံ ဟိုင်ဖာတက္ကသိုလ်မှ သိပ္ပံပညာရှင်တစ်ဦးက ပြောကြားခဲ့သည်။ ခရစ်ယာန်သမ္မာကျမ်းစာအလိုအရ ကြွက်စုတ်များသည် ကုန်းမြေပေါ်၌ အဓိက ကျက်စားရှင်သန်သော သတ္တဝါများထဲတွင် အပါအဝင်ဖြစ်ကြောင်း ပညာရှင်များက ဆိုစမှတ်ရှိသည်။

အစ္စရေးနိုင်ငံအတွင်းရှိ ကျေးရွာများ၌ ကြွက်စုတ်များ ပိုမိုပေါ်များလာပြီး မြင်မြင်သမျှ ကိုက်ဝါးဖျက်ဆီးနေကြောင်း သတင်းတွင်ဖော်ပြသည်။ ကြွက်စုတ်များသည် မြေတွင်းများအတွင်း နေထိုင်လေ့ရှိပြီး ယင်းမြေတွင်းများအား လူသားတို့စွန့်ပစ်သော အမှိုက်သရိုက် အပျက်အစီးများအောက်၌ တူးဖော်ထားလေ့ရှိကြောင်း ဟိုင်ဖာတက္ကသိုလ်မှ ကျွမ်းကျင်သူတစ်ဦးက ပြောကြားသည်။ **အင်တာနက်။**

ရရှိသည့် အတွေ့အကြုံ ဗဟုသုတများကို လက်တွေ့ကျကျ အသုံးချ တိုးတက်ကြီးပွား အောင်မြင်လိုစိတ်ပြင်းပြစွာ ကိုယ်တိုင်ပါဝင်ကြိုးစားလုပ်ကိုင်ကြ

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ အထူးအထွက်တိုး စံပြစိုက်ခင်းသို့ လာရောက်လေ့လာကြသော စစ်ကိုင်းတိုင်းဒေသကြီးမှ လေ့လာရေးအဖွဲ့ဝင် တောင်သူလယ်သမားများနှင့် ရခိုင်ပြည်နယ် သံတွဲခရိုင်မှ တောင်သူလယ်သမားများအား ဆွေးနွေးမှာကြားစဉ်။

(သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၅

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၇ နာရီတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ အထူးအထွက်တိုး စံပြစိုက်ခင်းသို့ လာရောက်လေ့လာကြသော စစ်ကိုင်းတိုင်းဒေသကြီးမှ လေ့လာရေးအဖွဲ့ဝင် တောင်သူလယ်သမား ၃၈ ဦးနှင့် ရခိုင်ပြည်နယ် သံတွဲခရိုင်မှ တောင်သူလယ်သမား ၃၂ ဦးတို့အား စံပြစိုက်ခင်း ဧက ၃၀ အတွင်း စိုက်ပျိုးထားသည့် စပါးခင်းများနှင့် အထူးအထွက်တိုး ကြံစိုက်ခင်းများကို လိုက်လံပြသ ရှင်းလင်းသည်။

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် သီးနှံမျိုးစုံ စုစုပေါင်း ဧကသန်း ၅၀ စိုက်ပျိုးလျက်ရှိပြီး မိုးစပါး၊ နွေစပါး စုစုပေါင်း ဧကသန်း ၂၀ စိုက်ပျိုးလျက်ရှိကြောင်း၊ နိုင်ငံတော်အပိုင်းက တောင်သူလယ်သမားများအတွက် အရင်းအနှီးငွေများ တိုးမြှင့်ပေးရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ တောင်သူလယ်သမားများအနေဖြင့် ဈေးကွက်ဝင်မည့် ဆန်စပါးကို အရည်အသွေးကောင်းကောင်းထုတ်လုပ်ရန်၊ ဈေးကွက်လည်းရှိပြီး ဒေသနှင့် ကိုက်ညီမည့်မျိုးအား တစ်မျိုးတည်း ရွေးချယ်ထုတ်လုပ်စိုက်ပျိုးရန်လိုအပ်ကြောင်း၊ ထို့အတွက် ဒေသအလိုက် မျိုးသန့်ဇုန်များ တည်ထောင်၍ တောင်သူများသို့ အာမခံမျိုးသန့်များ ဖြန့်ဖြူးပေးနိုင်ရန် ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် စီးပွားရေးအရ တွက်ခြေကိုက်မည့် အထူးအထွက်တိုး မျိုးကောင်းမျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးခြင်း၊ သိပ္ပံနည်းကျစိုက်နည်းစနစ်များကို လေ့ကျင့်ပညာပေးခြင်း၊ သုတေသနလုပ်ငန်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း စသောလုပ်ငန်းများဖြင့် တောင်သူလယ်သမားများအား တိုးတက်လုပ်ဆောင်နိုင်ရန် စံပြစိုက်ခင်းများဖြင့် နည်းပညာပေး ပြသဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ တောင်သူများအနေဖြင့် ရရှိသည့် အတွေ့အကြုံဗဟုသုတများကို လက်တွေ့ကျကျ ပြန်လည်အသုံးပြုခြင်းအားဖြင့် မိမိတို့၏ လုပ်ငန်းအလိုက် ဝင်ငွေများတိုးတက်ရရှိလာစေမည်ဖြစ်ပြီး ကိုယ်တိုင်တိုးတက်ကြီးပွားလိုစိတ်၊ အောင်မြင်လိုစိတ်ပြင်းပြစွာဖြင့် ကိုယ်တိုင်ပါဝင်ကြိုးစားလုပ်ကိုင်ဆောင်ရွက်ကြခြင်းအားဖြင့် တိုးတက်အောင်မြင်မှုပန်းတိုင်ကို ရရှိအောင် လုပ်ကိုင်ကြရန် တိုက်တွန်းမှာကြားခဲ့သည်။

ထို့နောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက သိပ္ပံနည်းကျ ပေါင်စနစ်ဖြင့် ပျိုးထောင်ကာ ပျိုးသက် ၂၀ ရက်သားတွင် ချက်ချင်းနုတ်၊ ချက်ချင်းစိုက် ၁၀ တန်း တစ်တန်းလုပ်ဖြင့် စိုက်ပျိုးထားသော အထူးအထွက်တိုး စပါးခင်းကို လေ့လာရေးအဖွဲ့ဝင်များအား ပြသဆွေးနွေးသည်။

ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များသည် အထူးအထွက်တိုး ကြံစိုက်ခင်း ငါးဧကသို့ ရောက်ရှိလေ့လာကြရာ ကြံသီးနှံလုပ်ငန်း ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး ဦးဇော်ထွန်းမြင့်က သိပ္ပံနည်းကျ စိုက်နည်းစနစ်ဖြင့် စိုက်ပျိုးထားသော ကြံစိုက်ခင်း၏ အောင်မြင်ဖြစ်ထွန်းမှုနှင့် တစ်ဧကပျမ်းမျှ တန် ၆၀ အထက် ထွက်ရှိနိုင်သည့် အခြေအနေများကို ရှင်းလင်းပြသပြီး လေ့လာရေးအဖွဲ့ဝင်များအား ကြံအထူးအထွက်တိုးမျိုး မျိုးပိုင်းနမူနာများကို စမ်းသပ်စိုက်ပျိုးရန် ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် လေ့လာရေးအဖွဲ့ဝင်များသည် နံနက် ၈ နာရီခွဲတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာအနီး တောင်သူဦးကြီး ဦးဖေယျာထွန်းညို၏ တောင်သူပညာပေး စပါးစိုက်ခင်း ဧက ၄၀ သို့ ရောက်ရှိကြပြီး ၃၅ ရက်သားသက်တမ်းရှိ အထူးအထွက်တိုး စပါးစိုက်ခင်း၌ ပင်ပွားများ အောင်မြင်ဖြစ်ထွန်းနေပုံ၊ သိပ္ပံနည်းကျ ၁၄ ချက်ဖြင့် ဆောင်ရွက်ထားရှိမှုများနှင့် လယ်ယာသုံး စက်ကိရိယာများကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် နေပြည်တော် ဇေယျာသီရိမြို့နယ် တစ်ဧကပျမ်းမျှ တန် ၆၀အထက် ထွက်ရှိနိုင်သည့် ကြံအထူးအထွက်တိုးစိုက်ခင်း ငါးဧကသို့ ရောက်ရှိရာ ကြံသီးနှံလုပ်ငန်း ဌာန ဒုတိယဦးဆောင်ညွှန်ကြားရေးမှူးက သိပ္ပံနည်းကျစိုက်နည်းစနစ်ဖြင့် အထူးအထွက်တိုးကြံမျိုးကို စိုက်ပျိုးခြင်းဖြင့် အရည်အသွေးပြည့်မီ၍ တစ်ဧကအထွက်နှုန်း တိုးတက်လာမှုကို ရှင်းလင်းပြသသည်။

ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များသည် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်နေသော သုတေသနစပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ရေးစိုက်ခင်းကို လည်းကောင်း၊ နေပြည်တော် ပျဉ်းမနားမြို့နယ် ကျီအင်းကျေးရွာအနီး တစ်ဧကပျမ်းမျှတန် ၆၀ အထက်ထွက်ရှိနိုင်သည့် ကြံအထူးအထွက်တိုး ၁၀ ဧက စိုက်ခင်းကို လည်းကောင်း သွားရောက်လေ့လာခဲ့ကြသည်။ (သတင်းစဉ်)

နဝမအကြိမ်မြောက် အာဆီယံကျောက်မီးသွေးကောင်စီအစည်းအဝေး နောက်ဆုံးနေ့အဖြစ် နေပြည်တော်ရှိ အမရာဟိုတယ်၌ ကျင်းပစဉ်။ (သတင်းစဉ်)

အာဆီယံကျောက်မီးသွေးကောင်စီအစည်းအဝေး ကျင်းပပြီးစီး

နေပြည်တော် ဩဂုတ် ၅

နဝမအကြိမ်မြောက် အာဆီယံကျောက်မီးသွေးကောင်စီ အစည်းအဝေး နောက်ဆုံးနေ့အဖြစ် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမရာဟိုတယ်၌ ကျင်းပရာ အာဆီယံဗဟိုစွမ်းအင်ဌာန (ACE)၊ အာဆီယံကျောက်မီးသွေးကောင်စီ (AFOC) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဂျပန်ကျောက်မီးသွေးအေဂျင်စီ (JCOAL) မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အာဆီယံကျောက်မီးသွေးကောင်စီ အလှည့်ကျဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းထိန်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး ဂျပန်ကျောက်မီးသွေးအေဂျင်စီ (JCOAL) မှ Resource Department, General Manager, Mr. Haruo Inoue က JCOAL ၏ လုပ်ငန်းများ၊ JCOAL နှင့် အာဆီယံကျောက်မီးသွေးကောင်စီ (AFOC)/ အာဆီယံဗဟိုစွမ်းအင်ဌာန (ACE) တို့အကြား ပူးပေါင်းဆောင်ရွက်မှုအခြေအနေများနှင့် အနာဂတ်တွင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့်လုပ်ငန်းများကို တင်ပြရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက Formulation and Discussion on Work Plan 2011-2012 for Coal Cooperation ၏ လုပ်ငန်းများနှင့် ASEAN Energy Business Forum 2011 ကို ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ၌ ကျင်းပမည့် အစီအစဉ်များကို ဆွေးနွေးကြပြီး ၂၀၁၂ ခုနှစ် (၁၀)ကြိမ်မြောက် အာဆီယံကျောက်မီးသွေးကောင်စီ အစည်းအဝေး ကျင်းပမည့် နိုင်ငံအဖြစ် ဖိလစ်ပိုင်သမ္မတနိုင်ငံအား ရွေးချယ်ဆုံးဖြတ်ကြသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက နဝမအကြိမ်မြောက် အာဆီယံကျောက်မီးသွေးကောင်စီ အစည်းအဝေး အပေါ် သုံးသပ်ဆွေးနွေးတင်ပြကြကာ အလှည့်ကျဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများသည် တာဝန်ရှိသူများ လိုက်ပါလျက် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်နှင့် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်တို့သို့ သွားရောက်ကြည့်ရှုလေ့လာကြပြီး ညပိုင်းတွင် မြန်မာနိုင်ငံ ကျောက်မီးသွေးသတ္တုတွင်းလုပ်ငန်းရှင်များက အမရာဟိုတယ်၌ ဂုဏ်ပြုညစာ စားပွဲဖြင့် တည့်ခင်းဧည့်ခံခဲ့သည်။ (သတင်းစဉ်)

ပထမအကြိမ် နှလုံးဆေးပညာညီလာခံ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၅

နှလုံးရောဂါကုပညာအဖွဲ့ (မြန်မာနိုင်ငံဆရာဝန်အသင်း)၏ ပထမအကြိမ် နှလုံးဆေးပညာညီလာခံကို အောက်တိုဘာ ၁၄ ရက်မှ ၁၅ ရက်ထိ ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပမည်ဖြစ်ရာ ညီလာခံတွင် နိုင်ငံတကာမှ နှလုံးဆေးပညာရှင်ဆရာဝန်ကြီးများ လာရောက်ပြီး နောက်ဆုံးပေါ် ကုထုံးများနှင့် နည်းပညာများကို ဆွေးနွေးပို့ချမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသည့် ဆရာဝန်များ တက်ရောက်နိုင်ကြောင်းနှင့် ညီလာခံသို့ တက်ရောက်ရန် စာရင်းသွင်းရမည့်အချိန်ကို ထပ်မံအသိပေးမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

မြန်မာ့စီးပွားစိမ်း အမှုဆောင်များအသင်းဥက္ကဋ္ဌ ဦးမြင့်မောင်ထွန်း ဇူလိုင် ၃၀ ရက်က ဖျာပုံမြို့နယ် ကျိုက်ကဘာကျေးရွာအုပ်စု တွဲဖက်အထက်တန်းကျောင်း ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ခရိုင်ပညာရေးမှူး ဒေါ်ဖြူဖြူဝင်းထံ လွှဲပြောင်းပေးအပ်စဉ်။ (သတင်းစဉ်)

မြဝတီမြို့နယ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သော မေတ္တာလင်းမြိုင်ရွာ အဝင်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းအား ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးမင်းမောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းကိုကိုနှင့် အဖွဲ့ဝင်များ စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ကောလင်းမြို့နယ် ဘိုးဘွားရိပ်သာသို့ ငွေပဒေသာပင်စိုက်ထူ

ကောလင်း ဩဂုတ် ၅

ကောလင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးမိုးနှင့်အဖွဲ့သည် ဩဂုတ် ၃ ရက်က ကောလင်းမြို့ စံတော်သာဘိုးဘွားရိပ်သာ၌ အဘိုး၊ အဘွားများအတွက် တစ်ရက်တာ ထမင်းဟင်း၊ အချိုရည်၊ မုန့်များ ကျွေးမွေးကြပြီး ရာသက်ပန် ငွေပဒေသာပင် အတွက် ငွေကျပ် ၈၀၀၀၀ ကို စံတော်သာဘိုးဘွားရိပ်သာအုပ်ချုပ်ရေးမှူး ဦးရဲမြင့်ထံ ပေးအပ်လှူဒါန်းကြောင်း သိရသည်။ (၂၁၄)

မတ္တရာစည်ပင် ကျောက်ချောလမ်းခင်း

မတ္တရာ ဩဂုတ် ၅

မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမင်းအောင်မြင့်စိုးသည် မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော ပိတောက်လမ်း ကျောက်ခင်းခြင်းလုပ်ငန်းကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်အောင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးဇော်မြင့်တို့က ရှင်းလင်းတင်ပြကြသည်။ (မြို့နယ်စည်ပင်)

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် အားကစားနည်းများ၊ ပြိုင်ပွဲအမျိုးအစားများနှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့် အားကစားနည်းများနှင့် ပြိုင်ပွဲအမျိုးအစားများအား ရှင်းလင်းတင်ပြခြင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အားကစားနည်းများနှင့် ပြိုင်ပွဲအမျိုးအစားများအား ရှင်းလင်းတင်ပြခြင်း အစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၅

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် အားကစားနည်းများ၊ ပြိုင်ပွဲအမျိုးအစားများနှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့် အားကစားနည်းများနှင့် ပြိုင်ပွဲအမျိုးအစားများအား မြန်မာနိုင်ငံ အမျိုးသား အားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံ ရှင်းလင်းတင်ပြခြင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် အားကစားဝန်ကြီးဌာနရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသား အားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း တက်ရောက်၍ အမှာစကား ပြောကြားရာတွင် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်အောင်နိုင်ရေးနှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး၊ ပြိုင်ပွဲတိုင်း ပါဝင်ယှဉ်ပြိုင်အောင်နိုင်ရေး တို့အတွက် အလားအလာရှိသော မျိုးဆက်သစ်အားကစားသမားများ ထပ်မံရှာဖွေဖော်ထုတ်ရေး၊ ပြည်တွင်း ပြည်ပ နည်းပြများ၊ ခေတ်မီအားကစားနည်းစနစ်များဖြင့် ပြင်းပြင်းထန်ထန် စခန်းသွင်းလေ့ကျင့်ပေးရေး၊ ပြည်ပသို့ ပူးတွဲလေ့ကျင့်ရန် စေလွှတ်ရေး၊ လေ့ကျင့်မှုအခြေအနေများကို အကဲဖြတ်နိုင်ရန်နှင့် ပြိုင်ပွဲ အတွေ့အကြုံကောင်းများ ရရှိစေရန်အတွက် ပြည်ပပြိုင်ပွဲများသို့ စေလွှတ်ယှဉ်ပြိုင်ရေး၊ ပြည်ပအားကစားအဖွဲ့များကို ပြည်တွင်းသို့ ဖိတ်ခေါ်ယှဉ်ပြိုင်စေရေး၊ နိုင်ငံတကာ အသိအမှတ်ပြု လက်မှတ်ရ ဒိုင်/ဂျူရီများ ရွေးချယ်လေ့ကျင့်ပေးရေးတို့နှင့် စပ်လျဉ်း၍ ပြောကြားသည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်များက စခန်းသွင်းလေ့ကျင့်နေကြသည့် အားကစားအဖွဲ့ချုပ် အသီးသီး၏ နည်းစနစ်ပိုင်းဆိုင်ရာများ၊ အားကစားသမားများ၏ စံချိန်စံညွှန်းများနှင့် အုပ်ချုပ်မှု၊ နေထိုင်စားသောက်မှုပိုင်းဆိုင်ရာ အသေးစိတ် အချက်အလက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အားကစားအဖွဲ့ချုပ် အသီးသီးရှိ တာဝန်ခံအရာထမ်းများက မိမိတို့တာဝန်ယူထားရသည့် အားကစားနည်းအလိုက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် အားကစားနှင့်ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူတို့က ဆွေးနွေးတင်ပြချက်များအပေါ် ဖြည့်စွက်ရှင်းလင်းတင်ပြကြကာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ (သတင်းစဉ်)

ဘက်စုံသားဖွားသင်တန်းသူများ၏ ဦးဆောင်းအပ်နှင်းခြင်း အခမ်းအနား မြစ်ကြီးနားမြို့၌ ကျင်းပ

နေပြည်တော် ဩဂုတ် ၅

အမှတ်စဉ်(၁၀၁) ဘက်စုံသားဖွား ၁၈ လ သင်တန်းသူများ၏ ဦးဆောင်းအပ်နှင်းခြင်း အခမ်းအနားကို ဩဂုတ် ၄ ရက် နံနက် ၁၀ နာရီတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းက အဖွင့်အမှာစကား ပြောကြားသည်။

အစီအစဉ်အရ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း ကျောင်းအုပ် ဒေါ်နုနုဇံက ဦးဆောင်းအပ်နှင်းခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ကျောင်းအုပ်နှင့် တာဝန်ရှိသူတို့က သူနာပြုသင်တန်းသူ ၂၇ ဦးတို့အား တစ်ဦးချင်း ဦးဆောင်းအပ်နှင်းပေးကြသည်။

ယင်းနောက် ပြည်နယ်လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါ်ဘောက်ဂျာက ဘက်စုံထူးချွန် တတိယဆုရ မမီမီကျော် (မိုးကောင်း)၊ ဒုတိယဆုရ မဖြိုးအိအိဇော် (မိုးညှင်း)နှင့် ပထမဆုရ မကြည်ကြည်လေး (မိုးကောင်း)တို့အား ထူးချွန်ဆုများ ချီးမြှင့်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် သူနာပြုနှင့် သားဖွားသင်တန်းကျောင်းရှိ သူနာပြုသင်တန်း တတိယနှစ်နှင့် ပထမနှစ် သင်တန်းသူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး Audio Visual Language Lab Room, Library Room, Demonstration Room နှင့် Computer Room တို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၆-၈-၂၀၁၁ (စနေနေ့)

[၁၃၇၃ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက် (အဖိတ်နေ့)]

နံနက်ပိုင်း

၇း၀၀	၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၀	၂။ FIFA U-20 WORLD CUP 2011 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ပြင်သစ်အသင်းနှင့် မာလီအသင်း)
	၃။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀	၁။ စစ်သည်တေး
၁၁း၁၀	၂။ တေးဂီတအစီအစဉ်
၁၁း၂၅	၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁း၅၀	၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂း၂၀	၅။ Yan Can Cook
၁၂း၄၀	၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြိုးတစ်မျှင်" (အပိုင်း-၆၅)**
၁း၃၀	၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၁း၃၅	၈။ International Science News
၁း၄၅	၉။ "ရင်နှစ်ပန်းတို့ လန်းစေချင်"
၁း၅၅	၁၀။ (၂၆)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲ ကြိုတင်ပြင်ဆင်မှုများ (လှေလှော်)
၂း၀၀	၁၁။ လောကနီတိ (၃) "အမေ့သား"
၂း၅၅	၁၂။ International News
၃း၀၀	၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

၃း၄၅	၁။ Myanmar National League MNL Grand Royal Cup 2011 ဘောလုံးပြိုင်ပွဲ ဒုတိယကျော့ပွဲစဉ် တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (နေပြည်တော်အသင်းနှင့် ကမ္ဘောဇ အသင်း)
၅း၄၅	၂။ တေးဂီတအစီအစဉ်
၆း၀၀	၃။ ညနေခင်းသတင်း
၆း၁၅	၄။ မိုးလေဝသအခြေအနေ
၆း၂၀	၅။ အလှရှာမယ် လှကမ္ဘာဝယ်
၆း၃၅	၆။ ယဉ်တစ်ကိုယ်မယ်
၇း၀၀	၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နတ်ရေးငယ်တဲ့ရွှေဖူးစာ" (အပိုင်း-၃)**
၈း၀၀	၈။ ပြည်တွင်းသတင်း
	၉။ နိုင်ငံတကာသတင်းများ
	၁၀။ မိုးလေဝသအခြေအနေ
	၁၁။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (ဒုတိယတွဲ) (အပိုင်း-၃၇)**
	၁၂။ (မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ဂုဏ်ပြုဇာတ်လမ်း) "အလင်္ကာပန်းကလေး လန်းစေချင်" (ခိုင်ခနဲ့၊ ရှိုင်းသစ်၊ ဆုပန်ထွာ၊ ဝတ်ရည်ကေခိုင်) (ဒါရိုက်တာ-မဟာ[MSC])
	၁၃။ ဂီတတံခါးလေးဖွင့်ပါဦး
	၁၄။ အစီအစဉ်ပြီး၏။

ရန်ကုန်မြို့ အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက် မင်္ဂလာလမ်းနေ ဒေါ်စောတင်(၇၁)နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ် ထာဝရဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင်အတွက် ငွေကျပ် ၁၀ သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ရမည်းသင်းမြို့နယ် ဗီဒီယိုအခြေခံအဖွဲ့ အလုပ်အမှုဆောင်အဖွဲ့သစ် ရွေးချယ်

ရမည်းသင်း ဩဂုတ် ၅

ရမည်းသင်းမြို့နယ် ဗီဒီယိုအခြေခံအဖွဲ့ အလုပ်အမှုဆောင်သစ်များ ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားကို ဇူလိုင် ၂၇ ရက် နံနက် ၁၀ နာရီတွင် ရမည်းသင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာဖတ်ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဗီဒီယိုစိစစ်ရေးကြီးကြပ်မှုကော်မတီ အတွင်းရေးမှူးက အလုပ်အမှုဆောင်များ ရွေးချယ်ရာတွင် ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်သူများ ရွေးချယ်ပေးကြရန်ပြောကြားသည်။ **(အပေါ်ပုံ)** ယင်းနောက် ဆန္ဒပြုထားကြသူ ၁၂ ဦးက အလုပ်အမှုဆောင်အဖွဲ့ဝင် ကိုးဦးအား ဆန္ဒမဲပေးရွေးချယ်ကြသည်။ (၁၁၅)

စာအုပ်စာပေ လှူမိတ်ဆွေ

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် ဖွင့်ပွဲကျင်းပ

ပျဉ်းမနား ဩဂုတ် ၅

"ရင်သွေးငယ်တို့ကျန်းမာဖို့ ရိုင်းပင်းကူညီ ဆွေးနွေးလို့ မိခင်နို့ချိုတိုက်ကျွေးစို့" လုပ်ငန်းဆောင်ပုဒ်နှင့်အညီ ပြည်သူလူထုအတွင်း အာဟာရအသိပညာအမှုအကျင့် ပိုမိုတိုးတက်လာခြင်းနှင့်အတူ ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများ၏ ကျန်းမာရေးနှင့် အာဟာရအခြေအနေ အမျိုးသားရေးအသွင်ဖြင့် ၂၀၁၁ ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များနှင့် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ် ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၃ ရက် နံနက် ၉ နာရီက နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့ မင်္ဂလာကန်တော်ခန်းမ၌ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဒေါက်တာသန်းအောင် တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ခရိုင်အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ၊ လူပ်ရှားရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ ပျဉ်းမနားမြို့ ခုတင်(၂၀၀) ပြည်သူ့ဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါက်တာလှလှကြည်က အာဟာရဖွံ့ဖြိုးရေးနှင့် မိခင်နို့တိုက်ကျွေးခြင်းနှင့် ပတ်သက်သည့် ဗဟုသုတများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် နေပြည်တော်ကောင်စီဝင် ဒေါက်တာသန်းအောင်နှင့် ဧည့်သည်တော်များက အသက်ခြောက်လမှ ငါးနှစ်အောက် ကလေးများအား ဗီတာမင်အေဆေးလုံးများ တိုက်ကျွေးပြီး ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်ဆေးပြားများ၊ ဖဲရက်ဆာလဖိတ်၊ ဗီတာမင်ဘီဝမ်း ဆေးပြားများနှင့် အာဟာရဖြည့် အစားအစာများ ပေးအပ်ခဲ့သည်။ (၅၈၆)

အမှာစကားပြောကြား

မြဝတီခရိုင် အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို မြဝတီမြို့နယ် သောင်းရင်းခန်းမ၌ ကျင်းပရာ သဘာပတိ ဥက္ကဋ္ဌ ဦးရဲဝင်း အဖွင့်အမှာစကား ပြောကြားစဉ်။ (၅၇၀)

မြို့တွင်း ရေစီးရေလာ ကောင်းမွန်ရေး ဆောင်ရွက်

မြစ်ကြီးနား ဩဂုတ် ၅

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့တွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ဇူလိုင် ၂၀ရက်က မြို့မရပ်ကွက်နှင့် ရှမ်းစု မြောက်ရပ်ကွက် ဝိုင်းမော်ကူးတို့ဆိပ် လမ်းဘေး ဝဲ၊ယာ တစ်လျှောက် ရေမြောင်းတူးဖော်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးစိုးနိုင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးခင်မောင်မြင့်တို့က ကြီးကြပ်ဆောင်ရွက်ခဲ့သည်။ (မြို့နယ်စည်ပင်)

နွားထိုးကြီးမြို့နယ်တွင် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဆွေးနွေး

နွားထိုးကြီး ဩဂုတ် ၅

မြင်းခြံခရိုင် အုပ်ချုပ်ရေးမှူး ဦးလှဝင်းတင်သည် နွားထိုးကြီးမြို့နယ် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် လုပ်ငန်းစဉ်(၈)ရပ်ကို နွားထိုးကြီးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးညဏ်မျိုးနှင့် ဌာနဆိုင်ရာများအား ဩဂုတ် ၄ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၌ ချပြဆွေးနွေးပွဲကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်မျိုးနှင့် ဌာနဆိုင်ရာများက ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဉ်(၈)ရပ်အတွက် မြို့နယ်အဆင့် အကောင်အထည်ဖော်နေမှုများကို ရှင်းလင်းတင်ပြကြကြောင်း သိရသည်။ (၉၅)

ကျွန်းစုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၅

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးခင်ဇော်သည် ဩဂုတ် ၃ ရက် နံနက် ၉ နာရီတွင် ကျွန်းစုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်များအတွက် မတည်ငွေပေးအပ်ပွဲ၊ ရေလုပ်ငန်းသုံးပစ္စည်းများနှင့် အသေးစားချေးငွေ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဦးမြတ်ကိုက ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းစဉ်(၈)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒေသခံရေလုပ်ငန်းရှင်များက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းများဆောင်ရွက်ရန် မတည်ငွေများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးတို့ထံ ပေးအပ်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးနှင့် ရေလုပ်ငန်းရှင်များက ရေလုပ်ငန်းသုံးပစ္စည်းများနှင့် ချေးငွေများကို ဒေသခံရေလုပ်သားများအား ပေးအပ်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကျွန်းစုမြို့နယ် ပြည်သူ့ဆေးရုံသို့ လည်းကောင်း၊ ကျွန်းစုရေလှောင်တမံနှင့် ကတ္တလူရေအားလျှပ်စစ်စက်ရုံသို့ လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဩဂုတ် ၄ ရက် နံနက်ပိုင်းတွင် မြိတ်မြို့ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းသို့ သွားရောက်၍ ကျောင်းအုပ်ဆရာမကြီးနှင့် သင်တန်းသူများအား တွေ့ဆုံအမှာစကားပြောကြားကာ ဆန်၊ ဆီနှင့် စားဖွယ်ပစ္စည်းများကို ပေးအပ်သည်။

ယင်းနောက် မြိတ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုကိုလည်းကောင်း၊ မြစ်ငယ်ရပ်ကွက် အခြေခံပညာမူလတန်းကျောင်း၌ သုံးထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှုကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ (သတင်းစဉ်)

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးခင်ဇော် မြိတ်မြို့ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းအတွက် ဆန်၊ ဆီနှင့် စားဖွယ်ပစ္စည်းများကို ပေးအပ်စဉ်။ (သတင်းစဉ်)

ကာကွယ်ဆေးထိုးလုပ်ငန်း အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေး အရှေ့တောင်အာရှနိုင်ငံများ၏ ဝန်ကြီးအဆင့် စည်းဝေး

နေပြည်တော် ဩဂုတ် ၅

ကာကွယ်ဆေးထိုးလုပ်ငန်းအရှိန်အဟုန်မြှင့်ဆောင်ရွက်ရေး အရှေ့တောင်အာရှနိုင်ငံများ၏ ဝန်ကြီးအဆင့်အစည်းအဝေးကို ဩဂုတ် ၂ ရက်တွင် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ Taj Palace Hotel ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုံးခင် တက်ရောက်ဆွေးနွေးခဲ့သည်။

အစည်းအဝေးတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး ဒေါက်တာ ဆမ်မလီး ပလီရန်ဘန်ချန်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုံးခင်က ဆွေးနွေးပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် ကာကွယ်ဆေးထိုး လုပ်ငန်းများကို ဦးစားပေးလုပ်ငန်းတစ်ရပ် အနေဖြင့် ဆောင်ရွက်လျက်ရှိပြီး တစ်နှစ်အောက်ကလေး ကာကွယ်ဆေးထိုးလွှမ်းခြုံမှု နှစ်စဉ် ၉၀ ရာခိုင်နှုန်းအထက်ရရှိကြောင်း၊ နှစ်စဉ်တစ်နှစ်အောက် ကလေးငယ် ၁ ဒသမ ၅ သန်းခန့်ကို ရောဂါ ခုနစ်မျိုး ကာကွယ်နိုင်ရန်အတွက် ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းကို တစ်နှစ်ပတ်လုံး ကြိုးစား ဆောင်ရွက်လျက်ရှိကြောင်း၊ အစုလိုက်ကာကွယ်ဆေးထိုး လုပ်ငန်းအဖြစ် အသက်(၅)နှစ်အောက် ကလေးငယ် ၇ ဒသမ ၅ သန်းကျော်အား ပိုလီယိုကာကွယ်ဆေး၊ ဝက်သက်ရောဂါ ကာကွယ်ဆေးနှင့် အသက်(၁၅)နှစ်မှ (၄၅)နှစ်အထိ အမျိုးသမီးများအား မေးခိုင်ရောဂါ ကာကွယ်ဆေးထိုး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အချို့ဒေသများတွင် အကြောင်းအမျိုးမျိုးကြောင့် ကာကွယ်ဆေးထိုးလုပ်ငန်း အားနည်းမှု ရှိနေဆဲဖြစ်သဖြင့် ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်း ရာနှုန်းပြည့်

ရရှိရေး စီမံချက်ကို ရေးဆွဲ၍ ၂၀၁၀ ခုနှစ် ဩဂုတ်လမှ စတင်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဝက်သက်ရောဂါဖြစ်ပွားသေဆုံးမှု လျှော့နည်းရေးလျာထားချက်များကို ပြည့်မီအောင်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မွေးကင်းစမေးခိုင်ရောဂါလုံးဝလျှော့နည်းပပျောက်သောနိုင်ငံအဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အသိအမှတ်ပြုခံခဲ့ရကြောင်း၊ ပိုလီယိုရောဂါအရိုင်းပိုးကူးစက်မှုမရှိအောင်လည်း ကြိုးစား ဆောင်ရွက်လျက်ရှိပြီး ထိုအောင်မြင်မှုများကို ဆက်လက်ထိန်းသိမ်းနိုင်ရေးအတွက် ကျန်းမာရေးဝန်ထမ်းများက ကြိုးစား ဆောင်ရွက်လျက်ရှိကြောင်း။

ပူးပေါင်းဆောင်ရွက်

ယခု ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ "၂၀၁၂ခုနှစ်အား အရှေ့တောင်အာရှနိုင်ငံများ၏ ကာကွယ်ဆေးထိုးလုပ်ငန်း အရှိန်အဟုန်မြှင့် ဆောင်ရွက်ရေးနှစ်" အဖြစ် သတ်မှတ်ဆောင်ရွက်မည့် "Delhi Call for Action for Intensification of Routine Immunization" အစည်းအဝေးကြေညာစာတမ်းကို မြန်မာနိုင်ငံအနေဖြင့် ကြိုဆိုလက်ခံပါကြောင်းနှင့် ယခုရရှိထားသော ကာကွယ်ဆေးထိုးလုပ်ငန်း အောင်မြင်မှုများကို ဆက်လက်ထိန်းသိမ်း ဆောင်ရွက်မည်ဖြစ်ပြီး ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်း အရှိန်အဟုန်မြှင့် ဆောင်ရွက်ရေးအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ အရှေ့တောင်အာရှအဖွဲ့ဝင်နိုင်ငံများနှင့် လက်တွဲ၍ ပူးပေါင်းဆောင်ရွက်မည် ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။

(သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုံးခင် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ Taj Palace Hotel ၌ ကျင်းပသည့် ကာကွယ်ဆေးထိုးလုပ်ငန်း အရှိန်အဟုန်မြှင့် ဆောင်ရွက်ရေး အရှေ့တောင်အာရှ နိုင်ငံများ၏ ဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်စဉ်။

(သတင်းစဉ်)

နိုင်ငံတကာရုပ်ရှင် အနုပညာရပ်ဝန်း

၂၀၁၁ ခုနှစ်၏ ကိုရီးယားအလှမယ်သရဖူ လီဆောင်းဟေ ဆွတ်ခူး

အသက် (၂၂)နှစ်ရှိ ကျောင်းသူလေး လီဆောင်းဟေက ၂၀၁၁ ခုနှစ် တောင်ကိုရီးယားနိုင်ငံ၏ အလှမယ် သရဖူ ဆွတ်ခူးရရှိသွားကြောင်း ဗုဒ္ဓဟူးနေ့ ဆင်ဟွာသတင်းတစ်ပုဒ်တွင် ဖော်ပြသည်။

ပျော်ရွှင်မှုများနှင့်အတူ ကျက်သရေရှိစွာ လှပနေသော လီသည် ယမန်နှစ် သရဖူပိုင်ရှင် ဂျန်ဆိုရာထံမှ ငွေရောင်လက်နေသော သရဖူ သူမဦးခေါင်းတွင် ဆင်မြန်းခံရပြီးနောက် လှချင်တိုင်းလှနေသော ကိုရီးယားအလှမယ်အသစ်ကလေး **(ယာပုံ)**က "ဒီနေ့အခမ်းအနားသို့ တက်ရောက်လာကြသူများ၊ တာဝန်ရှိသူများ အားလုံးနဲ့ ကျွန်မမိသားစုကို အထူး ကျေးဇူးတင်ပါတယ်။ ကိုရီးယားအလှမယ်ဆုကို ဆွတ်ခူးရရှိတဲ့အတွက် လာမယ့်နှစ်မှာ ကိုရီးယားနိုင်ငံရဲ့ အလှအပနဲ့ ဂုဏ်သတင်းပြန့်ပွားအောင် ဆောင်ရွက်တဲ့နေရာမှာ အကောင်းဆုံးဖြစ်အောင် ကြိုးစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်" ဟု ပြောကြားသည်။

စိတ်လှုပ်ရှားစရာ ကောင်းသည့် တောင်ကိုရီးယားနိုင်ငံ၏ အလှဆုံးအမျိုးသမီး ရွေးချယ်ပွဲမှာ သရဖူဆုရှင် လီနှင့် အခြားဆုရှင်ခြောက်ဦးတို့က စင်မြင့်ထက်တွင် ကိုယ့်အလှကိုယ်ယုံ ဂုဏ်ယူသည့် အပြုံးများဖြင့် ကြွားကြွားဝင့်ဝင့် လမ်းလျှောက်ရင်း ပြီးဆုံးသွားခဲ့သည်။

တောင်ကိုရီးယားနိုင်ငံတွင် အလှမယ်ရွေးချယ်ပြိုင်ပွဲကို ၁၉၅၇ ခုနှစ်ကတည်းက ကျင်းပခဲ့ပြီး ယခုနှစ် ပြိုင်ပွဲသို့ ကိုရီးယားလှပျိုဖြူ ၅၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ယခုနှစ် ကိုရီးယားအလှမယ် ရွေးချယ်ပြိုင်ပွဲတွင် သရဖူပိုင်ရှင် အလှဘုရင်မလေး လီဆောင်းဟေသည် ၂၀၁၂ ခုနှစ် မယ်ကမ္ဘာပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ***အင်တာနက်။***

ပညာဒါန ပြုလုပ်ခဲ့သည့် ရှာကီရာ

"ဝါကာ ဝါကာ" သီချင်းအဆိုတော် ရှာကီရာက သူမ၏ ချစ်သူ စပိန်လာလီဂါ ဘာစီလိုနာဘောလုံးအသင်း ကစားသမား ဂျရတ်ပီကေးနှင့် ပူးပေါင်း၍ ပညာဒါန အစီအစဉ်တစ်ခု ပြုလုပ်ခဲ့ကြောင်း အင်တာနက် သတင်းတစ်ပုဒ်တွင် ဖော်ပြသည်။

ကမ္ဘာကျော် ကိုလံဘီယာအဆိုကျော် ရှာကီရာ၏ Bare foot Foundation က အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် မီယာမီမြို့ရှိ လက်တင်အမေရိက (စပိန်) လူငယ်များ၏ Ymca ပညာရေးအစီအစဉ်သို့ ရန်ပုံငွေပိုမိုထောက်ပံ့နိုင်ရန် ပီကေး၏ ဘာစီလိုနာဘောလုံးအသင်းနှင့် ပူးပေါင်းခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

အဆိုပါဒေသရှိ ဒေသခံစာသင်ကျောင်းတစ်ကျောင်းက Ymca ပညာရေးအစီအစဉ်၏ ထောက်ပံ့မှုနှင့်အတူ အမေရိကန်ပြည်ထောင်စုရှိ လက်တင်အမေရိက(စပိန်) လူငယ်များသည် ပညာရေးနှင့် အားကစားနယ်ပယ် ကဏ္ဍတွင် ပိုမိုထူးချွန်အောင် စွမ်းဆောင်နိုင်မည်ဟု မျှော်လင့်ကြောင်း ထုတ်ပြန်ကြေညာသည်။ ***အင်တာနက်။***

အောဝမ်းစိုး

ပညာဂုဏ်ရောင် အလင်းဆောင်

ပညာ့အလင်းစာကြည့်တိုက်သို့ အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်း

လားရှိုး ဩဂုတ် ၅

ရှမ်းပြည်နယ် (မြောက်ပိုင်း)လားရှိုးမြို့နယ် ဆုံကွယ်ကျေးရွာ ပညာ့အလင်းစာကြည့်တိုက် အဆောက်အအုံဆောက်လုပ်ရန်နှင့် စာအုပ်၊ စာစောင်များ လှူဒါန်းပွဲအခမ်းအနားကို ဩဂုတ် ၁ ရက်က ကျင်းပသည်။

အခမ်းအနားတွင် စာကြည့်တိုက်အဆောက်အအုံဆောက်လုပ်ရန်အတွက် ဆင်ထောင်ကျောက်မီးသွေးမိုင်း မန်နေဂျာ ဦးမျိုးမင်းဦးက အလှူငွေကျပ် သုံးသိန်း၊ ဒေါ်နန်းရွှေတင့် (ယုဖြိုးအိမ်) စာပေက ငွေကျပ် ငါးသိန်းတန်ဖိုးရှိ စာအုပ်၊ စာစောင် ၇၆၀၊ ဒေါ်သူဇာဝင်းက ငွေကျပ် တစ်သိန်းတန်ဖိုးရှိ စာအုပ်၊ စာစောင် ၄၀၊ ဒေါ်ခင်စန်းမြင့်က ငွေကျပ် တစ်သိန်းငါးသောင်းတန်ဖိုးရှိ စာအုပ်၊ စာစောင် ၅၀၊ ဦးသောင်းရွှေက ငွေကျပ် ငါးသောင်းတန်ဖိုးရှိ ဂျာနယ် ၁၀၀ နှင့် စာကြည့်တိုက်အဆောက်အအုံဆောက်လုပ်ရန်အတွက် အလှူရှင်အသီးသီးက ငွေကျပ် လေးသိန်းတို့ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ဆောက်လုပ်ရေးကော်မတီက လက်ခံရယူသည်။ (မြို့နယ်ပြန်/ဆက်)

ကရုဏာရသ အင်္ဂလိပ်စာကြည့်တိုက်သို့ စာအုပ်၊ ဂျာနယ်မျိုးစုံ လှူဒါန်းနိုင်

စစ်ကိုင်း ဩဂုတ် ၅

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့၌ ကရုဏာရသအင်္ဂလိပ်စာကြည့်တိုက် ဖွင့်လှစ်ထားပြီး အဆိုပါ စာကြည့်တိုက်မှ တစ်အိမ်၊ တစ်ရွာ ဂျာနယ်တစ်စောင် လှူဒါန်းနေပါသဖြင့် အင်္ဂလိပ်စာအုပ်အသစ် အဟောင်းများ၊ ဂျာနယ်မျိုးစုံ အသစ်အဟောင်းများကို အရှင်ဇယန္တ ဖုန်း-၀၉-၅၅၀၇၀၇၂၊ ၀၉-၄၉၃၃၃၆၃၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (ကြေးမုံ)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်၊ စာစောင်များလှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိသဖြင့် စေတနာရှင်၊ အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၇၁၃၄၃၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၃၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် (၆)ရပ်ကွက် ပြည်ရိပ်မွန်နေ ဒေါ်ခင်မြင့် မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်းသို့ အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြုံး လက်ခံစဉ်။

(ကြေးမုံ)

ပြည်ထောင်စုဝန်ကြီး ပိုလ်ချုပ်လှမင်းအား နိုင်ငံခြားသံတမန်အဖွဲ့များ သီးခြားစီလာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၅

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်းအား ဂျပန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန နိုင်ငံတကာရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mr.Kazuo Sunaga သည် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

လာရောက်တွေ့ဆုံ

အလားတူ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်းအား ယူနီဆက်မှ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် Mr.Ramesh Shrestha သည် မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံပွဲများတွင် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်သော် တက်ရောက်ခဲ့သည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်းအား ယူနီဆက်မှ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် Mr.Ramesh Shrestha လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာ-တရုတ်ပူးပေါင်းဆောင်ရွက်ရေး ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် Yunnan ပြည်နယ် Lincang မြို့ ဒုတိယမြို့တော်ဝန်နှင့်အဖွဲ့ တွေ့ဆုံဆွေးနွေး



မြန်မာ-တရုတ်ပူးပေါင်းဆောင်ရွက်ရေး ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yunnan ပြည်နယ် Lincang မြို့ ဒုတိယမြို့တော်ဝန်နှင့်အဖွဲ့ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၅

မြန်မာ-တရုတ်ပူးပေါင်းဆောင်ရွက်ရေး ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yunnan ပြည်နယ် Lincang မြို့ ဒုတိယမြို့တော်ဝန်နှင့်အဖွဲ့ တွေ့ဆုံဆွေးနွေးပွဲကို ဩဂုတ် ၃ ရက် မွန်းလွဲ ၂ နာရီတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yunnan ပြည်နယ် Lincang မြို့ ဒုတိယမြို့တော်ဝန် Mr.Zhao Zijie က မြန်မာနိုင်ငံသို့ လာရောက်ဆွေးနွေးမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသော နှစ်ဖက်တာဝန်ရှိပုဂ္ဂိုလ်များ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၄၈)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၅

ပြန်ကြားရေးဝန်ကြီးဌာနကကြီးကြပ်စီစဉ်သော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၄၈)ကို သရုပ်ဆောင် ဇေကရီ စုစံ၏ မျက်နှာဖုံးဖြင့် ထုတ်ဝေဖြန့်ချိလိုက်သည်။

မြင်းမူမောင်နိုင်မိုး၊ မောင်စိမ်းနောင်(လယ်ဝေး)၊ မြတ်ဘုန်း(တပ်ကုန်း)၊ မင်းနိုင်လေး(လမ်းမတော်)၊ ချမ်းမြဆောင်း(ကလော)၊ မင်းသက်ခိုင်(ဝက်လာ)၊ တင့်ထွန်း(ချောက်)၊ စောရန်နိုင် (မန်ကျည်းစောက်)၊ သွဲ့ထားညို (သက္ကလ)၊ မျိုးခိုင်(မူဆယ်)၊ မင်းမောင်နွယ်(မွန်ဌာနီ)တို့၏အဖွင့်ကဗျာများ။

ကျော်ကျော်လွင်၊ မောင်တင်ယု၊ သာဇေ၊ စည်သူကျော်၊ ရွှေကိုဦး၊ မောင်နေမွန်၊ ဒေါက်တာခင်မောင်ညွန့်၊ ဦးငွေအောင်မွန်၊ မောင်လွမ်းနွယ်(အောင်လံ)၊ မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)၊ ဒေါက်တာနှင်းအေးခိုင်ဆွေ၊ သောင်းဝင်း(ယဉ်ကျေးမှု)၊ ရန်နိုင်၊ သိင်္ခသူ၊ မင်းမျိုးအောင်၊ မောင်ငြိမ်းသူ(ကြို့ပင်ကောက်)၊ တက္ကသိုလ်တင်ခ၊ မြင့်သိန်းအောင်၊ ယောဂီတိုးအောင်၊ ဦးကျော်စိန်(မန္တလေး)၊ အုန်းမောင်(ပုသိမ်)၊ တွန်းအားရှင်၊ သစ္စာမေတ္တာကိုကိုအောင်၊ မောင်သာမန်(ဇီးကုန်း)၊ စစ်ကိုင်းစိမ်းစိမ်း၊ ဇင်မင်း(သမိန်ထော)၊ ညောင်ညိုပင်-ကျော်ဝင်း၊ ဖွဲ့သန်းသျှင်း(သုံးဆယ်)၊ ထွဏ်းကြည်(ဗဝတဖောင်ကြီး)၊ တက္ကသိုလ်စိုးယဉ်၊ မောင်မောင်ကြည်သန့်(ရတနာမြေ)၊ နီမင်းညို၊ သုဝဏ္ဏလှိုင်(ဝင်းက)၊ အေးမိစံ(သထုံ)၊ မလေး(မုံရွာ)၊ မောင်ညိုဦး (ကစလ)၊ ဆင်ဖြူကျွန်းအောင်သိန်းတို့၏ ဝတ္ထုတို၊ ဝတ္ထုရှည် စ-ဆုံး၊ အခန်းဆက်ဝတ္ထုရှည်၊ ဆောင်းပါး၊ ကာတွန်း၊ ကလေးတို့အတွက် ကဗျာလက်ဆောင်၊ စာလက်ဆောင်၊ တောခလေ့စာပန်းချီ၊ ဓမ္မအလင်း၊ ကဗျာပန်းခင်း၊ ကဗျာပန်းရုံရိပ်၊ နိုင်ငံတကာမြင်ကွင်း၊ ဗုဒ္ဓစာဥယျာဉ်၊ အမြတ်ဆုံးပူဇော် သံဃာတော်၊ သမိုင်း သုတေ သန၊ အတွေးအမြင်၊ မြန်မာ့စာဆိုတော်ကြီးများ၏ ဘဝပုံရိပ်၊ မျက်နှာဖုံးရှင်ကဏ္ဍ၊ စာပေခရီး၊ စာပေရေစီး အစရှိသည်တို့ဖြင့် သုတရသစုံလင်စွာ စီစဉ်တင်ဆက်ထားသည်။

အဆိုပါ မဂ္ဂဇင်းကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၁) အမှတ်(၅၂၉၊ ၅၃၁) စာပေဗိမာန်အဆောက်အအုံ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂) ရန်ကင်းပညာရေးကောလိပ်နှင့် ရန်ကင်းကြေးအိုးဆိုင်ကြားသစ္စာလမ်းမကြီး ရန်ကုန်မြို့ ဖုန်း-၇၂၅၅၃၀နှင့် အမြို့မြို့အနယ်နယ်ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်သည်။

(သတင်းစဉ်)

မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် မြို့ပြတံတား(ငွေလုံးငွေရင်း) လုပ်ငန်းဖြစ်သော မဟာဗန္ဓုလလမ်းနှင့် ရန်အောင်လမ်းထိပ်(ဝဲဘက်)ကွန်ကရစ်တံတား ပြုလုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးကိုကိုနှင့် မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးအောင်စိုး ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းကျော်မျိုး တမူးမြို့ အဖွဲ့ပိုင်ပန်းခြံအတွင်း ပန်းအလှပင်များ စိုက်ပျိုးထားရှိမှုအခြေအနေကို ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

မြေပြင်နေရာ သတင်းအချက်အလက်နည်းပညာသင်တန်း ဖွင့်မည်

ရန်ကုန် ဩဂုတ် ၅

ပထဝီမြေပြင်နေရာ သတင်းအချက်အလက်နည်းပညာ (GIS)နှင့် ပတ်သက်၍ Gate သင်တန်းကျောင်းတွင် သင်တန်းများကို ထပ်မံဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

ပကတိမြေပြင် တည်ရှိနေမှုအနေအထား ပြောင်းလဲဖြစ်ပေါ်နေသော အခြေအနေ၊ ကွင်းဆင်းလေ့လာတိုင်းတာမှုနှင့် ကောင်းကင်ဂြိုဟ်တုတို့မှ ရရှိသည့်အချက်အလက်များကို IT ပညာရပ်များနှင့်ပေါင်းစပ်ကာအသုံးချမှု GIS နည်းပညာရပ်၏အသုံးဝင်မှုမှာ လုပ်ငန်းအမျိုးအစား အတော်များများကို လွှမ်းခြုံလာနေသည်။

သင်တန်းတွင် လုပ်ငန်းခွင်နယ်ပယ်အသီးသီး၌ GIS နည်းပညာရပ်များကို အလေးပေး အသုံးပြုရန် လိုအပ်သူများအတွက် စနစ်တကျနှင့် ပိုမိုကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုနိုင်စေမည်ဖြစ်ကြောင်း လုပ်ငန်းခွင်တွင် အပြည့်အဝ ပြည်လည်အသုံးချနိုင်စေရန်အတွက်လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် လိုအပ်သော Data များကို စုဆောင်းရာတွင် Remote Sensing နည်းပညာရပ်ကို မည်ကဲ့သို့အသုံးပြုရသည်ကိုပါ ဆက်စပ်သင်ကြားပေးမည်ဖြစ်ကြောင်း၊ GIS industry နယ်ပယ်တွင် Leading Software များဖြင့် သီအိုရီကို လက်တွေ့နှင့် ပေါင်းစပ်သင်ကြားပေးမည်ဖြစ်ကြောင်း၊ မတူညီသော လုပ်ငန်းအသီးသီးမှ လာရောက်ကြသော သင်တန်းသားများ၏ လိုအပ်ချက်များကို အခြေပြုပြီး အပြန်အလှန်ဆွေးနွေးဖလှယ် လေ့လာသင်ယူကြရမည်ဖြစ်သောကြောင့် သင်တန်းမှရရှိသွားမည့် ပညာများကို မည်သို့မည်ပုံ အသုံးချရမည်ကိုလည်း သေချာနားလည်သိရှိသွားစေမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းကို ဩဂုတ်လလယ်တွင် စတင်မည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တခြောက်ပတ် ကြာမြင့်မည်ဖြစ်ရာ အသေးစိတ် စုံစမ်းရန်နှင့် သင်တန်းအပ်နှံရန်အတွက် Ocean Gate Training Centre တည်ရှိရာ အမှတ်(၃၅၅) အခန်း(၂၀၆) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၀၁၃၀၊ ၀၉-၉၀၆၁၃၂၅ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

လောင်းကစားမှုနှင့် မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး ပညာပေးဟောပြောပွဲ ပြည်မြို့၌ ကျင်းပ

နေပြည်တော် ဩဂုတ် ၅

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ရဲတပ်ဖွဲ့က ကြီးမှူးကျင်းပသည့် ပြည်မြို့ အထက(၃)မှ ကျောင်းသား၊ ကျောင်းသူများအား လောင်းကစားမှု ပပျောက်ရေးနှင့် မူးယစ်ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ဇူလိုင် ၂၆ရက် မွန်းလွဲပိုင်းက အဆိုပါကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပြည်မြို့နယ် ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒု-ရဲမှူးမြင့်ဦး**(အပေါ်ပုံ)** က လောင်းကစားမှုပပျောက်ရေး အသိပညာပေး သိကောင်းစရာများကိုလည်းကောင်း၊ ရဲအုပ်ဇော်လွင်က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးနှင့် ပတ်သက်၍လည်းကောင်း အသိပညာပေးဟောပြောခဲ့ကြသည်။ အဆိုပါအခမ်းအနားသို့ ကျောင်းသား၊ ကျောင်းသူ ၅၀၀ တို့ တက်ရောက်ခဲ့သည်။

(သတင်းစဉ်)

✳ **ကျောဖုံးမှ**

လုပ်ငန်းတာဝန်များကို သင်တန်းတွင် သင်ကြားခဲ့သည့် ဥပဒေ၊ စည်းမျဉ်း၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့် ပေါင်းစပ်ဆောင်ရွက်နိုင်ရမည်ဖြစ်ကြောင်း၊ ဘဏ္ဍာနှစ်အတွင်း လျာထားချက် ပြည့်မီကျော်လွန်ရုံမက ဖြစ်သင့်ဖြစ်ထိုက်၊ ရသင့်ရထိုက်သည့် အခွန်အရပ်ရပ် ပြည့်ဝမှန်ကန်စွာရရှိရေး အလေးထား ကြိုးပမ်းကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် သင်တန်းတွင် ပထမဆုရ ငွေစာရင်း၊ စာရင်းအင်းနှင့် အထွေထွေဌာနခွဲမှ ဒုတိယဦးစီးမှူး ဒေါ်ဇင်မာဝင်း၊ ဒုတိယဆုရ ငွေစာရင်း၊ စာရင်းအင်းနှင့် အထွေထွေဌာနခွဲမှ ဒုတိယဦးစီးမှူး ဒေါ်သန်းသန်းအေးနှင့် တတိယဆုရ ဦးစီးရုံးနှင့် သုတေသနဌာနခွဲမှ ဒုတိယဦးစီးမှူး ဒေါ်နှင်းယုလွင်တို့အား ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ခဲ့ပြီး သင်တန်းသားများကိုယ်စား လက်ထောက်ညွှန်ကြားရေးမှူး ဦးပိုင်စိုးထံ သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်သည်။

အဆိုပါ သင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ မြို့နယ်အခွန်ဦးစီးဌာနမှူး ၄၅ ဦးတို့သည် ရက်သတ္တ ငါးပတ်ကြာ အခွန်စီမံခန့်ခွဲမှုဆိုင်ရာ ဘာသာရပ်များ၊ ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့် အမိန့်၊ ညွှန်ကြားချက်များ စသည်တို့ကို လေ့လာသင်ကြားခဲ့ကြသည်။

(သတင်းစဉ်)

မိုးရွာသွန်းမှုများ၍ တောင်ကျရေများ ဖြူးမြို့ပေါ်ရှိ ရပ်ကွက်အချို့သို့ဝင်

ဖြူး ဩဂုတ် ၅

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်တွင် ဇူလိုင် ၃၁ ရက် ညနေ ၅ နာရီမှစ၍ ဩဂုတ် ၁ ရက် နံနက် ၇ နာရီအထိ မိုးအဆက်မပြတ် ရွာသွန်းခဲ့မှုကြောင့် ဖြူးမြို့နယ်ရှိ ဇဟားချောင်း၊ ကျွဲမကူးချောင်း၊ ဘန်းလောင်ဥတိုချောင်းနှင့် ဖြူးချောင်းတို့တွင် ပဲခူးရိုးမ တောင်ကျရေများစီးဝင်ခဲ့ရာ ဖြူးမြို့ဈေးရပ်ကွက်၊ ဖြူးအရှေ့အုပ်စု တာကြားပိုင်း၊ နတ်ရေကန်ပိုင်းနှင့် လိပ်သေကျေးရွာ တို့ရှိ စပါးစိုက်ခင်းများ၊ လူနေအိမ်များ နှင့် ရုံးများသို့ ရေများ ဝင်ရောက်ခဲ့ပြီး လျှပ်စစ်ဓာတ်အားနှင့် တယ်လီဖုန်း ဆက်သွယ်ရေးများ ခေတ္တရပ်ဆိုင်းသွားခဲ့သည်။

ရေကြီးမှုကြောင့် ဇဟားချောင်း ရေလျှံခဲ့သဖြင့် ရန်ကုန်-မန္တလေး လမ်းဟောင်း တံတားဘေးရေတိုက်စားမှု ဆက်လက် မဖြစ်စေရေးအတွက် သဲအိတ်များဖြင့် ပိတ်ဆို့ဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၁ ရက် မွန်းလွဲ ၂ နာရီခန့်တွင် ပဲခူးတိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်ဦး ဖြူးမြို့သို့ရောက်ရှိလာပြီး ရေကြီးနစ်မြုပ်ရာ နေရာများသို့ လိုက်လံစစ်ဆေး ကြည့်ရှုကာ ပိတ်ဆို့ကျဉ်းမြောင်းနေသော ရေမြောင်းများ ရှင်းလင်းဆောင်ရွက်နိုင်ရန်နှင့် ကယ်ဆယ်ရေးလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ကြရန် မှာကြားသည်။

ရေကြီးမှုကြောင့် အိမ်ခြေပေါင်း ၁၀၅ အိမ်၊ အိမ်ထောင်စု ၁၁၇ စု၊ လူဦးရေ ၄၂၃ ဦးတို့ ရေဘေးသင့်ခဲ့ပြီး ရေဘေးဒုက္ခသည်များအား ဖြူးမြို့နှင့် ကညွတ်ကွင်းမြို့တို့မှ စေတနာရှင်များက ထမင်းထုပ်များ ဝေငှပေးကြသည်။ ဖြူးမြို့၌ ယင်းနေ့က ရွာသွန်းခဲ့သော မိုးမှာ နှစ် ၁၀၀ အတွင်း ယခုကဲ့သို့ မကြုံဖူးခဲ့ကြောင်း သိရသည်။

(၁၄၀)

ဖြူးမြို့ တာကြားရပ်ရှိ မြို့နယ်မြေစာရင်းရုံးဝင်းအတွင်း၊ အပြင် ရေများ ဝင်ရောက်နေစဉ်။ (၁၄၀)

ရေတာရှည်မြို့နယ်၌ လေပြင်းတိုက်ခတ်

ရေတာရှည် ဩဂုတ် ၅

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း ဩဂုတ် ၄ ရက် ညနေ ၃ နာရီခန့်တွင် မိနစ် ၂၀ ကြာ လေဆင်နှာမောင်း တိုက်ခတ်၍ လယ်ကွင်းထဲရှိ တဲနှင့် သစ်ပင်အချို့ ပြိုလဲပျက်စီးသွားကြောင်း သိရှိရသည်။

ကုန်းကြီးကျေးရွာအုပ်စု ရန်ကုန်-မန္တလေး ကားလမ်း၊ ရထားလမ်းကြား လယ်ကွင်းရှိ ဦးအောင်မြင့် (ကုန်းကြီးကျေးရွာ)၊ ဦးသိန်းဝင်း (အင်ကြင်းကုန်းကျေးရွာ)နေသူတို့၏ လယ်ထဲရှိ တဲနှစ်လုံး ပြိုကျပျက်စီး၍ ကုန်းကြီးကျေးရွာ ကွက်သစ်လမ်းဘေးရှိ ကုက္ကိုပင်၊ ကရင်ရွာ အနောက်မြောက်ဘက်ရှိ သုသာန်ဇရပ် သွပ်အမိုးများ လွင့်ပါခဲ့ပြီး အနီးရှိ သစ်ပင်ကြီးမှာလည်း ပြိုလဲသွားခဲ့သည်။**(အောက်ဝဲပုံ)**

မိနစ် ၂၀ ကြာ လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရှိရသည်။ (၅၇၈)

သက်ရှိလောက

တည်မြဲဖို့

သဘာဝတောတွေ

ထိန်းသိမ်းစို့

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို) အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၁၁ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

၂၀၁၁ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ အထိမ်းအမှတ်အခမ်းအနား နေပြည်တော်၌ကျင်းပ

နေပြည်တော် ဩဂုတ် ၅

မွေးကင်းစမှ အသက်(၅)နှစ်အထိကလေးများ ရှင်သန်ရေးနှင့် မိခင်များ၏ ကျန်းမာဖွံ့ဖြိုးရေးလုပ်ငန်းကို တွဲဖက်လုပ်ဆောင်လိုသည့်အတွက် ရက်သတ္တပတ်လှုပ်ရှားမှုဖွင့်ပွဲ အခမ်းအနားများကို တစ်ပြိုင်တည်းကျင်းပရခြင်းဖြစ်ကြောင်း၊ ၂၀၁၁ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ် လှုပ်ရှားမှုများကို မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအနေဖြင့် ဩဂုတ် ၁ ရက်က စတင်ပြီး ဗဟိုအဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်များတွင်ရှိသည့် အသင်းများနှင့် အသင်းခွဲများ အားလုံးသည် ကျန်းမာရေးဌာနများနှင့် လက်တွဲပြီး ပူးပေါင်းဆောင်ရွက် ကျင်းပသွားမည်ဖြစ်ကြောင်း။

နိုင်ငံတော် ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် အဓိကကျသည့် လူသားအရင်းအမြစ်များကျန်းမာကြံ့ခိုင်ရေးအတွက်ကျန်းမာရေးဝန်ကြီးဌာနက အစဉ်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအနေဖြင့်ပြည်သူလူထုအခြေပြုအာဟာရဖွံ့ဖြိုးရေး လုပ်ငန်းများကို အရေးကြီးသည့်လုပ်ငန်းအဖြစ်အားပေးဆောင်ရွက်နေသည့်အတွက် အထူးကျေးဇူးတင်ကြောင်း၊ ပြည်သူများ၏ အာဟာရအခြေအနေ ကောင်းမွန်မှသာ နိုင်ငံသူနိုင်ငံသားများ ကျန်းမာကြံ့ခိုင်မည်၊ ဉာဏ်ရည်ထက်မြက်မည်၊ ၎င်းတို့၏ ကာယအားဉာဏအားများကိုရာခိုင်နှုန်းပြည့် အသုံးချနိုင်ကြမည်ဖြစ်ပါကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီးကို ထူထောင်သွားကြရမည်ဖြစ်ကြောင်း။

ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် ကျန်းမာသန်စွမ်း ကြံ့ခိုင်သည့် နိုင်ငံ့သားကောင်းရတနာ၊ သမီးကောင်း ရတနာများ ပေါ်ထွက်လာစေရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် ကြွရောက်လာကြသည့် ဌာနများနှင့် အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများက အတူလက်တွဲပြီးဆက်လက်ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ပေးကြပါဟု တိုက်တွန်းပါကြောင်းဖြင့် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ဩဂုတ်၄ရက် နံနက် ၉နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် သုခုမလမ်းရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (ဗဟို) အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၁၁ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ အထိမ်းအမှတ် အခမ်းအနား၌ ပြောကြားခဲ့သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီလာသော်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဇနီး ဒေါက်တာ မွန်မွန်အောင်၊ ကျန်းမာရေးဝန်ကြီးဌာန ဦးစီးဌာနများရှိ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF) မှ Child Survival Specialist Dr. Siddharth Nirupam နှင့် တာဝန်ရှိသူများ၊ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်နှင့် ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်းမြို့နယ်များမှ ကျန်းမာရေး ဦးစီးဌာနမှူးများနှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ တက်ရောက်ကြသည်။

အခမ်းအနားအပြီးတွင်ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် ကိုယ်ဝန်ဆောင်မိခင်များအား အိုင်အိုဒင်းဆားထုပ်များ၊ အားဆေးများနှင့် အနီးပိတ်များ ပေးအပ်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် ခန်းမအတွင်း ပြသထားသော မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ အာဟာရလုပ်ငန်းလှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဒုတိယပိုင်းအစီအစဉ်အရ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကျန်းမာရေးအသိ ပညာပေးဟောပြောပွဲကို နံနက် ၁၀ နာရီတွင် ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နီလာသော်က အမှာစကား ပြောကြားသည်။

ထို့နောက် ကျန်းမာရေးဦးစီးဌာန အာဟာရဌာနမှ ဒုတိယညွှန်ကြားရေးမှူးဒေါက်တာမေခင်သန်းက "အနာဂတ်ကြယ်ပွင့်ကလေးများအတွက်အာဟာရ" ခေါင်းစဉ်ဖြင့် ကျန်းမာရေးပညာပေးဟောပြောခဲ့သည်။ (သတင်းစဉ်)

တောင်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဩဂုတ် ၅

ယနေ့နံနက် ၉ နာရီခွဲအချိန်ထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီးတွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေသည်။

မနက်ဖြန်ညနေအထိခန့်မှန်းချက် ။ ။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင် ။ ။မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော် နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ပဲခူး(အရှေ့)၌ ဆန်စပါးမှုဝါဒဆိုင်ရာ ညှိနှိုင်းစည်းဝေး

တောင်ငူ ဩဂုတ် ၅

မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း (MRIA) ပဲခူးတိုင်းဒေသကြီး (အရှေ့ခြမ်း) ဆန်စပါးမူဝါဒဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၃၀ ရက် နံနက်ပိုင်းက တောင်ငူမြို့ တိုင်းဒေသကြီးအသင်းရုံးခန်းမ၌ကျင်းပရာ နိုင်ငံတော်၏ ဆန်စပါးမူဝါဒဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍ တိုင်းဒေသကြီးဥက္ကဋ္ဌ ဦးကိုကိုကြီးနှင့် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ကျော်**(အပေါ်ပုံ)** တို့က ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး အမှုဆောင်များဖြစ်ကြသည့် ဦးခင်ဝင်း (တောင်ငူမြို့နယ်)၊ ဦးပန်းလှိုင်(ကဝမြို့နယ်)၊ ဦးထွန်းသိန်း(ညောင်လေးပင်မြို့နယ်)၊ ဦးသန်းလွင် (အုတ်တွင်းမြို့နယ်)၊ ဦးကျော်တင့် (ဝေါမြို့နယ်)နှင့် ဦးအောင်စိုးမြင့် (ထန်းတပင်မြို့နယ်) တို့က ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။ အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ပဲခူးတိုင်းဒေသကြီး (အရှေ့ခြမ်း)ရှိ မြို့နယ်များမှ တိုင်းဒေသကြီးအသင်းအမှုဆောင်များ တက်ရောက်ကြသည်။ (၄၇၂)

ပြည်တွင်းပြည်ပ အားကစားသတင်းများ

ပြည်တွင်းပြည်ပ အားကစားသတင်းများ

မြန်မာနိုင်ငံ ကာယဗလ နှင့် ကာယအလှအဖွဲ့ချုပ် နာယက ရန်ကုန်မြို့တော်ဝန် ဦး လှ မြင့် အား ကမ္ဘာ့ ကာယဗလ အဖွဲ့ချုပ် နှင့် အာရှ ကာယဗလ အဖွဲ့ချုပ် အတွင်းရေးမှူး Mr. Paul Chua လာရောက်တွေ့ဆုံ စဉ်။

(မြို့တော်စည်ပင်)

ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်အား ကမ္ဘာ့ကာယဗလအဖွဲ့ချုပ်နှင့် အာရှကာယဗလအဖွဲ့ချုပ် အတွင်းရေးမှူး တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၅

မြန်မာနိုင်ငံကာယဗလနှင့် ကာယအလှအဖွဲ့ချုပ် နာယက ရန်ကုန်မြို့တော်ဝန် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်အား ရန်ကုန်မြို့တွင် ရောက်ရှိနေသော ကမ္ဘာ့ကာယဗလအဖွဲ့ချုပ်နှင့် အာရှကာယဗလအဖွဲ့ချုပ် အတွင်းရေးမှူး Mr. Paul Chua နှင့် အာရှကာယဗလအဖွဲ့ချုပ် Executive Director Ms. Christina Y. Kam တို့သည် ယနေ့ ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့တော်ခန်းမရှိ မြို့တော်ဝန်၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံ ကာယဗလနှင့် ကာယအလှအားကစား တိုးတက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။ (သတင်းစဉ်)

အမျိုးသားအဆင့် အားကစားစီမံခန့်ခွဲသူများသင်တန်း (၂/၂၀၁၁) ဆင်းပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဩဂုတ် ၅

အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီတို့၏ ပူးပေါင်းမှုဖြင့် အိုလံပစ် သွေးစည်းညီညွတ်ရေးအစီအစဉ်အရ ဖွင့်လှစ်သည့် အမျိုးသားအဆင့် အားကစားစီမံခန့်ခွဲသူများသင်တန်း(၂/၂၀၁၁)ဆင်းပွဲ အခမ်းအနားကို ယနေ့ ညနေ ၃ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ကျိုက္ကဆံ အားကစားကွင်းရှိ အားကစားနှင့် ကာယပညာဦးစီးဌာန ပြည်ထောင်စုခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား အားကစားနှင့်ကာယပညာဦးစီးဌာန အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်-ကျောင်းအုပ်ကြီး) ညွှန်ကြားရေးမှူး ဦးတင်ဝင်းက သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများထံ သင်တန်းဆင်း လက်မှတ်များ ပေးအပ်ခဲ့သည်။ (သတင်းစဉ်)

အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်-ကျောင်းအုပ်ကြီး) ညွှန်ကြားရေးမှူး ဦးတင်ဝင်း အမျိုးသားအဆင့် အားကစားစီမံခန့်ခွဲသူများသင်တန်း (၂/၂၀၁၁)ဆင်းပွဲ၌ သင်တန်းဆင်း လက်မှတ်များ ပေးအပ်စဉ်။

(သတင်းစဉ်)

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၅

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသော ၂၀၁၁ ခုနှစ် ပဥ္စမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပသည်။

အမှတ်(၂)နေပြည်တော်အားကစားကွင်း (ကက)အုပ်စု

ဆောက်လုပ်ရေးဝန်ကြီးဌာန ခြောက်ဂိုး

(ထူးကိုကိုနိုင်-သုံးဂိုး၊ ဝန်လာဝမ်နား၊ ကျော်ဇင်ဝင်း၊ ဇန်မွန်ကျုံး)

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဂိုးမရှိ

(ဒိုင်လူကြီး)ဦးထွန်းကြည်(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

နေပြည်တော်လယ်ဝေးအားကစားကွင်း (ကက)အုပ်စု

ပို့ဆောင်ရေးဝန်ကြီးဌာန တစ်ဂိုး

(မောင်မောင်အောင်)

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဂိုးမရှိ

(ဒိုင်လူကြီး)ဦးသူရိန်စိုး(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

၆-၈-၂၀၁၁ ရက် ပွဲစဉ်များ

အမှတ်(၂) နေပြည်တော်အားကစားကွင်း (ခခ)အုပ်စု

ဟိုတယ်/ခရီး နှင့် သစ်တောရေးရာ

နေပြည်တော် လယ်ဝေးအားကစားကွင်း (ခခ) အုပ်စု

စီးပွား/ကူးသန်း နှင့် လယ်/ဆည်

(၁၀၇)

○ (၂၆)ကြိမ်မြောက်မှ

ခြောက်ရက်နှင့် နံနက်ပိုင်း ၉ နာရီမှ ၁၁ နာရီအထိ တစ်ကြိမ်၊ ညနေ ၄ နာရီမှ ၆ နာရီအထိ တစ်ကြိမ် နိုင်ငံခြားနည်းပြနဲ့ မြန်မာနည်းပြများက အနီးကပ်ကြီးကြပ်၍ စနစ်တကျ လေ့ကျင့်ပေးလျက်ရှိပါတယ်” ဟု ရှင်းပြသည်။

ဆက်လက်ပြီး “ယခုအခါ မြန်မာ့လက်ရွေးစင်ဟောင်းများကို မျိုးဆက်သစ် အားကစားသမားတွေနဲ့ တွဲဖက်ပြီး လေ့ကျင့်ပေးလျက်ရှိပါတယ်။ ဒီလို လေ့ကျင့်ပေးရတဲ့ရည်ရွယ်ချက်ကလည်း ၂၀၁၃ ခုနှစ်မှာ မြန်မာနိုင်ငံမှာ ပြုလုပ်မယ့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပတဲ့အခါ ဒီအားကစားသမားသစ်တွေကို ယှဉ်ပြိုင်ကစားနိုင်ဖို့ ရည်မှန်းချက်ထားပြီး ယခုကတည်းကစလို့ ရေရှည်စီမံကိန်းအနေနဲ့ အဓိကထားလေ့ကျင့်ပေးလျက်ရှိပါတယ်။ (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက်တော့ မြန်မာ့လက်ရွေးစင်အားကစားသမားဟောင်းတွေကို အဓိကထား ရည်မှန်းလေ့ကျင့်ပေးလျက်ရှိပါတယ်” ဟု ဆိုသည်။

ထို့ပြင် “ယခုဩဂုတ်လကုန် စက်တင်ဘာလဆန်းမှာတော့ (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင်မယ့် မြန်မာ့လက်ရွေးစင်အားကစားသမားတွေကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့နဲ့ ဝူဟန်မြို့များမှာ သွားရောက်ကာ ပူးတွဲလေ့ကျင့်မှုများပြုလုပ်ပြီး ဒီအားကစားသမားတွေရဲ့ အားနည်းချက် အားသာချက်တွေကို သုံးသပ်ပြီး လာမယ့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲမှာ ရွှေတံဆိပ်ဆုများ ရရှိအောင် အဖွဲ့ချုပ်အနေနဲ့ အကောင်းဆုံး ပြင်ဆင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ မကြာမီကာလ အတွင်းမှာလည်း နိုင်ငံတော်က ခွင့်ပြုထားသော စခန်းဝင် အားကစားသမားများအပြင် မျိုးဆက်သစ် လူငယ် သွေးသစ်အားကစားသမားများ ပေါ်ထွက်နိုင်ရန် မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်မှ နည်းပြများကို ပြည်နယ်/တိုင်းဒေသကြီး အသီးသီးသို့ စေလွှတ်ပြီး ဝူရှူးသင်တန်းများ ဖွင့်လှစ်ပေးမှာဖြစ်တယ်။ အဲဒီသင်တန်းတွေကတစ်ဆင့် မျိုးဆက်သစ် လူငယ်မောင်မယ်များ ပေါ်ထွက်လာဖို့ ကြိုးပမ်းဆောင်ရွက်သွားမှာလည်း ဖြစ်ကြောင်း သတင်းကောင်းပါးချင်ပါတယ်” ဟု မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ် အတွင်းရေးမှူး ဦးထွန်းထွန်းဦးက အသေးစိတ် ရှင်းပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ် ပြည်ပတာဝန်ခံ ဦးခွန်ဂျာအောင်က “တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့မှာ ယခုဩဂုတ် ၁၆ ရက်မှ ၂၁ ရက်အထိ ကျင်းပမယ့် (၆)ကြိမ်မြောက် အာရှလူငယ် ဝူရှူးတံခွန်စိုက် ပြိုင်ပွဲသို့ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ စိုင်းဆမ်ထွန်း ခေါင်းဆောင်ပြီး အသင်းအုပ်ချုပ်သူတွေဖြစ်တဲ့ ဦးထွန်းထွန်းဦး(ဆန်းဆို)၊ ဦးခွန်ဂျာအောင်(ထောက်လု)တို့ အပါအဝင် ဖြစ်တဲ့ အဖွဲ့ချုပ် လူငယ်လက်ရွေးစင် အသင်းက သွားရောက်ယှဉ်ပြိုင်ကြမှာ ဖြစ်ပြီး မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်းနဲ့ အုပ်ချုပ်သူတွေဟာ အာရှဝူရှူးအလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးကိုလည်း ဆက်လက်တက်ရောက်မှာ ဖြစ်ပါတယ်” ဟု ဆိုသည်။

နိုင်ငံတကာပြိုင်ပွဲများ၌ ရွှေတံဆိပ်များ ရယူ၍ ဝူရှူးလက်ရွေးစင်အားကစားသမား မြောက်မြားစွာ ပေါ်ထွက်ခဲ့သည့် အစဉ်အလာရှိခဲ့ဖူးပြီး ယခုအခါ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်မှ မျိုးဆက်သစ်အားကစားသမားများ ဆက်လက်မွေးထုတ်ပြီး လေ့ကျင့်မှုများလည်း ပြုလုပ်လျက်ရှိရာ (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲတွင် နိုင်ငံတော်အတွက် ရွှေတံဆိပ်များ ရယူပေးနိုင်မည့် နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင် ဝူရှူးအားကစားသမားများ ပေါ်ထွက်လာလိမ့်မည်ဟု ယုံကြည်မိပါကြောင်း။ ။

“မကြာမီကာလမှာ အဖွဲ့ချုပ်မှ နည်းပြများကို ပြည်နယ်/တိုင်းဒေသကြီးအသီးသီးကို စေလွှတ်ပြီး ဝူရှူးသင်တန်းတွေ ဖွင့်လှစ်ပေးပြီး မျိုးဆက်သစ်လူငယ်မောင်မယ်များ ပေါ်ထွက်လာဖို့ ကြိုးပမ်းဆောင်ရွက်သွားမှာပါ။”

ဦးထွန်းထွန်းဦး
(အတွင်းရေးမှူး)

ငှက်သွင်ပျံကြွမတတ်သော်ဟု ဆိုရလောက်အောင် လှပကျော့ရှင်းသည့် ဝူရှူးကိုယ်ဟန်ပြကွက်တစ်ခု။

ဆီးဂိမ်းအတွက် နောက်ဆုံးလက်ဝှေ့လူရွေးပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၅

မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် (MBxF) ဥက္ကဋ္ဌဖလား အမျိုးသားတံခွန်စိုက် လက်ဝှေ့ပြိုင်ပွဲနှင့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် နောက်ဆုံးလူရွေးပွဲကို ဩဂုတ် ၁၇ ရက်မှ ၂၁ ရက်အထိ သိမ်ဖြူအားကစားခန်းမ၌ ကျင်းပသွားမည်ဖြစ်သည်။

ယခုပြိုင်ပွဲတွင် အမျိုးသားသက်ငယ်တန်းနှင့် အလွတ်တန်း၊ အမျိုးသမီး အလွတ်တန်းဟု သတ်မှတ်ထားပြီး အတန်းတိုင်း၌ ဝိတ်တန်းအလိုက် ပထမဆု ငွေကျပ်တစ်သိန်းငါးသောင်း၊ ဒုတိယဆု ငွေကျပ်တစ်သိန်းနှင့် တတိယဆု ငွေကျပ် ငါးသောင်း ချီးမြှင့်မည်ဖြစ်သည်။ ထို့ပြင် အတန်းတိုင်း၌ အကောင်းဆုံးလက်ဝှေ့သမားတစ်ဦးစီ ရွေးချယ်၍ ငွေကျပ် သုံးသိန်းစီ ချီးမြှင့်သွားမည်ဖြစ်သည်။ ဩဂုတ် ၁၆ ရက် နံနက်ပိုင်းတွင် ဆေးစစ်၊ ဝိတ်ချိန် ပြုလုပ်၍ ပွဲစဉ်ဇယားများ ရေးဆွဲသွားမည်ဖြစ်ရာ ပြိုင်ပွဲဝင်မည့် လက်ဝှေ့အဖွဲ့များအနေဖြင့် ဩဂုတ် ၁၄ ရက်ထက်မစော၊ ၁၅ ရက်ထက် နောက်မကျစေဘဲ မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်ရုံးသို့ သတင်းပို့ကြရန် အကြောင်းကြားထားကြောင်း သိရသည်။ (လက်ဝှေ့အဖွဲ့ချုပ်)

စပိန်လူငယ်ခြေတက် ရိုမီယူကို ချယ်လ်ဆီးခေါ်ယူ

လန်ဒန် ဩဂုတ် ၅

ချယ်လ်ဆီးအသင်းသည် ဘာစီလိုနာအသင်းမှ စပိန်လူငယ်ခြေတက် ကွင်းလယ်ကစားသမား ရိုမီယူကို ပေါင် ၄ ဒသမ ၃၅ သန်းဖြင့် အပြီးသတ် ခေါ်ယူလိုက်ပြီဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် အသက်(၁၉) နှစ်သာရှိသေးသည့် အဆိုပါ စပိန်လူငယ်လက်ရွေးစင်ကစားသမားကို လေးနှစ်စာချုပ်ချုပ်ဆို ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ရိုမီယူသည် လက်ရှိ ကိုလံဘီယာနိုင်ငံတွင် ကျင်းပလျက်ရှိနေသည့် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် မိခင်နိုင်ငံ စပိန်အသင်းနှင့်အတူ ပါဝင်ကစားလျက်ရှိနေသည်။

ချယ်လ်ဆီးအသင်းနှင့် ဘာစီလိုနာအသင်းတို့သည် ရိုမီယူ၏ အပြောင်းအရွှေ့ကိစ္စနှင့်ပတ်သက်၍ အခြားစာချုပ်တစ်ရပ်ကိုလည်း ထည့်သွင်းချုပ်ဆိုထားသည်။ ၎င်းမှာ အကယ်၍ ဘာစီလိုနာအနေဖြင့် နောက်တစ်နှစ်အကြာတွင် ရိုမီယူကို ပြန်လည်ခေါ်ယူလိုပါက ပေါင် ၈ ဒသမ ၇ သန်းပေးချေရမည်ဖြစ်ပြီး နောက်နှစ်နှစ်အကြာတွင် ခေါ်ယူမည်ဆိုပါက ပေါင် ၁၃သန်းပေး၍ ပြန်လည်ခေါ်ယူနိုင်သည်ဆိုသည့် စာချုပ်ပင်ဖြစ်သည်။

လက်ရှိ ချယ်လ်ဆီးအသင်းတွင် ကွင်းလယ်၌ အားထားရသည့် မိုက်ကယ်အက်ဆီယံမှာ ဒဏ်ရာကြောင့် ခြောက်လခန့်အနားယူရမည်ဖြစ်သည်။ ချယ်လ်ဆီးနည်းပြအနေဖြင့် ယခု ဘာစီလိုနာအသင်း၏ ကွင်းလယ်ကစားသမား ရိုမီယူကို ခေါ်ယူရခြင်းမှာ မိုက်ကယ်အက်ဆီယံ၏နေရာတွင် လျင်မြန်စွာအစားထိုးနိုင်ရေးပင် ဖြစ်သည်။ ***The Sun***

ချယ်လ်ဆီးအသင်းနှင့် လေးနှစ်စာချုပ် ချုပ်ဆိုခဲ့သည့် ဘာစီလိုနာ ကွင်းလယ်ကစားသမား ရိုမီယူ။

ဒီဂျေကမ်းဘဲလ်ကို ကျူပီအာအသင်း ခေါ်ယူစာချုပ်

လန်ဒန် ဩဂုတ် ၅

ပရီမီယာလိဂ် တန်းတက်အသင်းဖြစ်သည့် ကျူပီအာအသင်းသည် ဘလက်ပူးအသင်းမှ တိုက်စစ်မှူး ဒီဂျေကမ်းဘဲလ်ကို နှစ်နှစ်စာချုပ်ဖြင့် ခေါ်ယူနိုင်ခဲ့ပြီဖြစ်သည်။

အသက် (၂၉) နှစ်ရှိ ဒီဂျေကမ်းဘဲလ်သည် အင်္ဂလန်နိုင်ငံသားဖြစ်ပြီး ယခင်က ဘရင့်ဖို့ဒ်၊ ဘာမင်ဂမ်နှင့် လစ္စတာစီးတီးတို့တွင် ကစားခဲ့ဖူးသည်။ ၎င်းသည် ပြိုင်ပွဲအရပ်ရပ်တိုင်း၌ ၇၆ ဂိုး သွင်းယူထားသည်။ ***ESPN***

မိုးရာသီ ဘောလုံးပြိုင်ပွဲ ရွှေဘိုတက္ကသိုလ်၌ ကျင်းပ

ရွှေဘို ဩဂုတ် ၅

ရွှေဘိုတက္ကသိုလ် ဘာသာရပ်အလိုက် မိုးရာသီဘောလုံးပြိုင်ပွဲကို ဇူလိုင် ၂၀ ရက် ညနေ ၃ နာရီက ရန်ကြီးအောင်အားကစားကွင်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်ထွန်း၊ ရွှေဘိုတက္ကသိုလ် ပါမောက္ခချုပ် ဦးရဲမြင့်အောင်နှင့် ဆရာ၊ ဆရာမများ၊ သက်ဆိုင်ရာ ဘာသာရပ်အလိုက် ပြိုင်ပွဲဝင်ကြမည့် အားကစားသမားများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

(၅၇၂)

ဟန်သစ်

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

မြို့နယ်အခွန်ဦးစီးဌာနမှူး လုပ်ငန်းကျွမ်းကျင်မှုသင်တန်းဆင်းပွဲ ကျင်းပ ရသင့်ရထိုက်သည့် အခွန်အရပ်ရပ် ပြည့်ဝမှန်ကန်စွာရရှိရေး အလေးထားကြိုးပမ်း

နေပြည်တော် ဩဂုတ် ၅

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်အခွန်ဦးစီးဌာနမှူး လုပ်ငန်းကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၄၀) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း တက်ရောက် အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အမှာစကားပြောကြားရာတွင် ဝန်ထမ်းအဆင့်အဆင့်တိုင်းသည် နိုင်ငံတော်၏ ရည်မှန်းချက်များ၊ ဦးတည်ချက်များ လေ့လာသိရှိပြီး ရည်မှန်းချက်ပြည့်မီရေး အင်တိုက်အားတိုက် ပါဝင်ကြိုးပမ်းသွားရမည်ဖြစ်ကြောင်း၊ မြို့နယ်အခွန်ဦးစီးဌာနမှူး လုပ်ငန်းကျွမ်းကျင်မှုသင်တန်းကို အောင်မြင်စွာ တက်ရောက်ကြပြီးဖြစ်သဖြင့် သင်တန်းသားများအနေဖြင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အားသာချက်၊ အားနည်းချက်များ၊ အခွန်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ စာရင်းအင်းပညာနှင့် ဘဏ္ဍာရေးစည်းမျဉ်းတို့၏ သဘောသဘာဝများ အစရှိသည့် အခြေခံကောင်းများကို လေ့လာသင်ကြားခဲ့ပြီးဖြစ်ကြောင်း၊ သို့ဖြစ်၍ ဌာနခွဲအလိုက် လုပ်ငန်းတာဝန်များကို အမှားအယွင်းနည်းပါးစွာဖြင့် ဆတက်ထမ်းပိုး အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ကြရမည်ဖြစ်ကြောင်း၊ အခွန်စီမံခန့်ခွဲမှုဆိုင်ရာ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✳

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်အခွန်ဦးစီးဌာနမှူး လုပ်ငန်းကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၄၀) သင်တန်းဆင်းပွဲတွင် ပထမဆုရ ငွေစာရင်း၊ စာရင်းအင်းနှင့် အထွေထွေဌာနခွဲမှ ဒုတိယဦးစီးမှူး ဒေါ်ဇင်မာဝင်းအား ဆုပေးအပ်စဉ်။ (သတင်းစဉ်)

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင်ရန် မြန်မာ့လက်ရွေးစင် ဝူရှူးအားကစားသမားများ စခန်းဝင်လေ့ကျင့်လျက်ရှိ

သတင်းမှတ်စုနှင့် ဓာတ်ပုံ - ကျော်ကျော်(စက်မှုတက္ကသိုလ်)

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် မြန်မာ့လက်ရွေးစင်ဝူရှူးအားကစားသမားများ စခန်းဝင်လေ့ကျင့်လျက်ရှိရာ ရန်ကုန်မြို့ ပဒုမ္မာအားကစားလေ့ကျင့်ရေးရုံရှိ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်သို့ စာရေးသူ ရောက်ရှိခဲ့သည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ် အတွင်းရေးမှူး ဦးထွန်းထွန်းဦးအား ဝူရှူးအားကစားသမားများ စခန်းဝင်လေ့ကျင့်နေမှုနှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းရာ "ဒီနှစ် နိုဝင်ဘာလမှာကျင်းပမယ့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှာ အမျိုးသားအားကစားသမား ၁၈ဦး၊ အမျိုးသမီးအားကစားသမား ၁၀ ဦးကို ၂၀၁၀ ခုနှစ် ဇွန် ၁ရက်ကစပြီး တစ်ပတ်ကို **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❍

မြစ်ရေကြီးမှုအခြေအနေ

နေပြည်တော် ဩဂုတ် ၅

သံလွင်မြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဘားအံမြို့တွင် ၉၀၅ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၁၅၅ စင်တီမီတာ(၅ ဒသမ ၁ ပေခန့်)ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၇၅၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဘားအံမြို့တွင် ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာရရှိသော သံလွင်မြစ်ရေ ၉၂၅ စင်တီမီတာသည် (၁၉၆၆-၂၀၁၁) နှစ်ပေါင်း (၄၆)နှစ်အတွင်း ဒုတိယအမြင့်ဆုံး မြစ်ရေမှတ်ဖြစ်သည်။ သံလွင်မြစ်ရေ (ဘားအံမြို့)၏ အမြင့်ဆုံး မြစ်ရေမှတ်မှာ (၁၈-၈-၂၀၀၂)ရက်တွင် တိုင်းတာရရှိသော ၉၃၆ စင်တီမီတာဖြစ်သည်။

စစ်တောင်းမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မဒေါက်မြို့တွင် ၁၁၂၄ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၅၄ စင်တီမီတာ (၁ ဒသမ ၈ ပေခန့်)ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၀၇၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)